EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

www.myitkyinanewsjournal.com

http://www.facebook.com/
myitkyinanewsjournal.mm

အတွဲ (၅)၊ အမှတ် (၂၂) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | (ဇွန် ၂၉ ၊ ၂၀၁၈)



ပြည်နယ်အစိုးရ၏ ဒုတိယ တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များကို ပြည်နယ်အစိုးရသတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ် ဓာတ်ပုံ– Salai

စာ - ၁၀/၁၁ သို့ »

## မြစ်ကြီးနားမြို့ပေါ် ဘော်ဒါဆောင်များတွင် ကေအိုင်အိုအမည်ဖြင့် ဆက်ကြေးလိုက်လံကောက်ခံ

စာ - ၄ သို့ »




စာ - ၉ သို့ »

## ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ထားပြီဖြစ်ကြောင်း ပါတီများပြော

စာ - ၄ သို့ »

## ကားမိုင်းစစ်ရှောင်ဒုက္ခသည်များ သောက်သုံးရေအခက်အခဲဖြစ်နေ

စာ - ၁၇ သို့ »


## ငှက်ပျောစိုက်ကုမ္ပဏီကို ဒေသခံများဝိုင်းဝန်းမောင်းထုတ်

စာ - ၁၄ သို့ »

## ၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထား

စာ - ၂ သို့ »

# ၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့
(အဆင့်မြင့်ပညာဦးစီးဌာန)

တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်

(၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်)

၂၀၁၈ ခုနှစ်၊ မေလ


၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် 001007

No________

| |
|---|
| ဦးစားပေးတက္ကသိုလ် |
| စုစုပေါင်းရမှတ် |

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ

သို့

ဥက္ကဋ္ဌ
တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့
အဆင့်မြင့်ပညာဦးစီးဌာန
(ရန်ကုန်ရုံးခွဲ)
သထုံလမ်း၊ ရန်ကုန်မြို့

မှ-

| | |
|---|---|
| အမည်၊ | ယခင်ဆက်သွယ်ရန်လိပ်စာ - |
| စာမေးပွဲခုံအမှတ်၊ | |
| စာစစ်ဌာန၊ | |
| အောင်မြင်သည့်ခုနှစ်၊ | |
| မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး |

မြစ်ကြီးနား ၊ ဇွန် ၂၆

ဇွန်လ ၂ ရက်နေ့က ထုတ်ပြန်ခဲ့သည့်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသားများအနေဖြင့် မိမိတို့တက်ရောက်လိုသည့် တက္ကသိုလ်ကောလိပ်ဝင်ခွင့်များ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၀ ရက် အတွင်း လျှောက်ထားနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ပေါင်း ၇၃ ခုရှိသည့်အနက် ဆေးတက္ကသိုလ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ကြောင်း သိရပြီး စုစုပေါင်းကျောင်းသားကျောင်းသူဦးရေ ၃၀၉၆ ဦးကို လက်ခံသင်ကြားသွားမည်ဖြစ်သည်။

ဆေးတက္ကသိုလ်များအတွက် အမှတ်ကန့်သတ်ဖော်ပြထားခြင်းမရှိသော်လည်း နည်းပညာတက္ကသိုလ်များအတွက် စုစုပေါင်းရမှတ် ၃၆၀ နှင့်အထက်ရရှိသူများကိုသာလျှောက်ထားခွင့်ပြုထားသည်။လျှောက်ထားသူများအနက် တက္ကသိုလ်အလိုက် လက်ခံနိုင်မည့်လူဦးရေ သတ်မှတ်ချက်အရ ရမှတ်အများအနည်းအလိုက် ရွေးချယ်သွားမည် ဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ်တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်ကွန်ပြူတာတက္ကသိုလ်အတွက် စုစုပေါင်းရမှတ် ၄၂၀နှင့်အထက်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်အတွက် ရမှတ်ပေါင်း ၄၀၀ နှင့်အထက် သတ်မှတ်ထားကာ ကျန်ကွန်ပျူတာတက္ကသိုလ်ကောလိပ်များအတွက် အမှတ်ပေါင်း ၃၆၀ ရသူများ လျှောက်ထားနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံရေကြောင်းပညာရေးတက္ကသိုလ်များအတွက် အမှတ်ပေါင်းကန့်သတ်ဖော်ပြမထားသော်လည်း မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်များနှင့် ရတနာပုံဆိုင်ဘာစီးတီးနည်းပညာ တက္ကသိုလ်တို့အတွက် စုစုပေါင်းရမှတ် ၄၂၀ နှင့်အထက် ရရှိသူများကို ခေါ်ယူထားသည်။

မုံရွာနှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သိုလ်သို့ စုစုပေါင်းရမှတ် ၃၈၀ မှတ်နှင့်အထက်ရရှိသူများ လျှောက်ထားခွင့်ရမည်ဖြစ်ကာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကို တက်ရောက်လိုပါက ကျောင်းသို့ တိုက်ရိုက် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

အဏ္ဏဝါသိပ္ပံ၊ ကုန်ထုတ်ဓာတု၊ ဘူမိဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ အားကစားပညာတို့ကို အမှတ်ကန့်သတ်ဖော်ပြမထားသော်လည်း ချူကလိယရူပဗေဒဘာသာရပ်ကို တက်ရောက်သင်ကြားလိုသူသည် ရူပဗေဒဂုဏ်ထူးမှတ်၊ သင်္ချာဘာသာရပ်တွင် ၇၀မှတ်နှင့်အထက်၊ အင်္ဂလိပ်စာဘာသာရပ်တွင် ရမှတ် ၆၀ မှတ်နှင့် ရရှိသူများကို ခေါ်ယူထားကာ ဒဂုံတက္ကသိုလ်နှင့် မန္တလေးရတနာပုံတက္ကသိုလ်တို့အတွက် အယောက် ၃၀ စီခေါ်ယူ ထားကြောင်း တွေ့ရသည်။

သတင်းစာများတွင် သီးခြားခေါ်ယူပြီး တိုက်ရိုက်လျှောက်ထားရမည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များကို ၂၁ ကျောင်းအနက်ရန်ကုန်နှင့်မန္တလေးနည်းပညာတက္ကသိုလ်များသို့ တက်ရောက်လိုသူတို့သည် ရူပ၊ ဓာတု၊ သင်္ချာ၊ အင်္ဂလိပ်လေးဘာသာပေါင်း အမှတ်ပေါင်း၃၂၀နှင့်အထက် ရရမည်ဟု ကန့်သတ်ထားသည်။

သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်နှင့် မန္တလေး ကွန်ပျူတာတက္ကသိုလ်သို့ စုစုပေါင်း ရမှတ် ၄၅၀ နှင့်အထက်ရရှိသူ လျှောက်ထားနိုင်မည်။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ မည်သည့်အရပ်ဒေသမှမဆို လျှောက်ထားနိုင်ပြီး ရန်ကုန်အတွက် ကျောင်းသားကျောင်းသူဦးရေ ၂၁၃၀ ဦး လက်ခံမည်ဖြစ်ကာ မန္တလေးတက္ကသိုလ်သို့ ဝင်လိုသူများသည် စုစုပေါင်းရမှတ် ၃၅၀နှင့် အထက်ရရှိသူ ၂၄၀၀ ဦး လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ရွာသာကြီးနယ်မြေတွင် စုစုပေါင်းရမှတ် ၄၀၀နှင့် အထက်ရရှိသူ ၁၂၀၀ ဦး လျှောက်ထားနိုင်ပြီး၊ လှိုင်နယ်မြေတွင် စုစုပေါင်းရမှတ် ၄၅၀ နှင့်အထက်ရရှိသူ စုစုပေါင်းကျောင်းသားဦးရေ ၂၀၀ဦး လျှောက်ထားနိုင်သည်။

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် တက်ရောက်လိုသူသည် အနိမ့်ဆုံးစုစုပေါင်းရမှတ်မှာ ၄၀၀မှတ် ဖြစ်ပြီး ဝိဇ္ဇာဘာသာတွဲကျောင်းသားစုစုပေါင်း ၁၀၀ဦး လက်ခံမည်ဖြစ်ပြီး၊ ဝိဇ္ဇာ/သိပ္ပံဘာသာတွင် အနိမ့်ဆုံးရမှတ်ပေါင်း ၄၂၀ မှတ်ဖြင့် ကျောင်းသားစုစုပေါင်း၁၀၀ဦးနှင့် သိပ္ပံဘာသာတွဲတွင် အနိမ့်ဆုံးစုစုပေါင်းရမှတ် ၄၅၅မှတ်ဖြင့် ကျောင်းသားစုစုပေါင်း ၂၀၀ ဦးလက်ခံမည်ဖြစ်သည်။

ရန်ကုန်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် တက်ရောက်လိုသူများသည် စုစုပေါင်းရမှတ် ၄၀၀ နှင့်အထက်ရရှိရန်လိုအပ်ပြီး ရန်ကုန်အတွက် အယောက် ၈၀၀ နှင့် မန္တလေးအတွက် အယောက် ၄၃၀ ရွေးချယ်သွားမည် ဖြစ်သည်။

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်(ဗိုလ်တထောင်)တွင် လက်ခံသင်ကြားမည့် ဦးရေ ၃၀၀ ဦးရှိပြီး၊ မန္တလာဒီဂရီကောလိပ်တွင် လက်ခံသင်ကြားမည့်ဦးရေမှာ ၂၀၀ဦးရေဖြစ်သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စုစုပေါင်းရမှတ် ၄၀၀ မှတ်နှင့်အထက်ရရှိသူ စုစုပေါင်း ကျောင်းသားကျောင်းသူဦးရေ ၃၀၀ ဦး လက်ခံမည်ဖြစ်ပြီး၊ ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် တိရစ္ဆာန်ဆေးပညာဘွဲ့အတွက် စုစုပေါင်းရမှတ် ၄၂၀မှတ်နှင့်အထက်ရရှိသူစုစုပေါင်း ၁၀၀ ဦးကို လက်ခံမည်ဖြစ်ကြောင်း သိရသည်။

ရေဆင်းသစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တွင်လည်း စုစုပေါင်းရမှတ် ၃၆၀ မှတ်နှင့်အထက်ရရှိသူ ၁၀၀ ဦးကိုလက်ခံသင်ကြားသွားမည်။

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ တစ်ခုခုဖြင့်အောင်မြင်သူများလျှောက်ထားရမည်ဖြစ်ပြီး၊ စုစုပေါင်းကျောင်းသားကျောင်းသူဦးရေ ၁၂၀ ဦး လက်ခံမည်။

သမဝါယမတက္ကသိုလ်များဖြစ်သည့်သန်လျင်နှင့်စစ်ကိုင်းတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူ ဦးရေ ၃၅၀နှင့် ၅၀၀၊ သမကောလိပ်ဖြစ်သည့် မန္တလေးနှင့် ဖောင်ကြီးတွင် ၂၅၀ ဦးစီ လက်ခံသွားမည်ဟုလည်း သိရသည်။

ပုဂံယွန်းပညာကောလိပ် ၂ နှစ်သင်တန်းတွင် ဘာသာရပ်အလိုက် စုစုပေါင်းကျောင်းသားကျောင်းသူ ၁၀၀ဦးကို လက်ခံသင်ကြားသွားမည်ဖြစ်ကြောင်းသိရပြီး ထိုမှ ဒီပလိုမာဘွဲ့ရပါက သမဝါယမတက္ကသိုလ်တစ်ခုခုတွင် တတိယနှစ်မှ ဆက်လက်ပေါင်းကူးသင်ကြားနိုင်ကြောင်း ဖော်ပြထားသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် အထူးပြုဘာသာရပ်အလိုက် စုစုပေါင်းကျောင်းသားဦးရေ၂၅၀ ဦးကို လက်ခံသင်ကြားသွားမည်ဟုလည်း သိရသည်။

တက္ကသိုလ်တစ်ခုချင်းစီသို့ လျှောက်ထားရာတွင် ယင်းတက္ကသိုလ်များ၏ လက်ခံမည့်လူဦးရေအပေါ်မူတည်ကအပေါ်ပိုင်းမှ အမှတ်အများဆုံးအရေအတွက်ကို ဖြတ်တောက်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)၊
ဆန်လတ်



# နန်းမားဒေသ၌ လူတစ်ရာတွင် ရှစ်ဆယ်ခန့် မူးယစ်ဆေးဝါးသုံးစွဲနေဟုဆို

မိုးညှင်း၊ ဇွန် ၂၄

မကြာမီကာလတွင် မြို့ပြဖြစ်လာတော့မည့် နန်းမားဒေသမှ လူငယ် ၁၀၀ လျှင် အယောက်ရှစ်ဆယ်ခန့် မူးယစ်ဆေးဝါးသုံးစွဲနေကြသည်ဟု ဒေသခံများက ဇွန်လ ၂၄ ရက် ဆန္ဒဖော်ထုတ်ပွဲတွင် ပြောကြားခဲ့သည်။

မိုးညှင်းမြို့နယ် နန်းမားဒေသတွင် မူးယစ်ဆေးဝါးဖမ်းဆီးမှုများနှင့်ပတ်သက်ပြီး ဒေသခံပြည်သူသုံးရာကျော်တို့ ဆန္ဒဖော်ထုတ်ရာတွင် အထက်တန်းကျောင်းသားတစ်ဦးက ပြောကြားခဲ့ခြင်း ဖြစ်သည်။

“ကျွန်တော်တို့ကျေးရွာက လူ ၁၀၀ မှ ၈၀လောက်က မူးယစ်ဆေးတွေစွဲနေကြပါတယ်။ နိုင်ငံတော်အစိုးရက မူးယစ်ဆေးတွေပပျောက်အောင် ကူညီဆောင်ရွက်ပေးစေချင်တယ်”ဟု နန်းမားအထက ကျောင်းမှကျောင်းသား မောင်ဟိန်းထက်ကျော်က ပြောခဲ့သည်။

လူထုဆန္ဒအရငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်ရခြင်းမှာ မူးယစ်ဆေးဝါးပပျောက်ရေးထက် မူးယစ်ဆေးဝါးရောင်းချသူနှင့် အားပေးကူညီသူများကို အဓိကထားဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း နန်းမားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

“မူးယစ်ဆေးဝါးပပျောက်ရေးဆိုတာကို အဓိကမထားဘူး။ မူးယစ်ဆေးဝါးရောင်းချသူနဲ့ မူးယစ်ဆေးဝါးကို လွတ်လွတ်လပ်လပ် ရောင်းချနိုင်အောင် ကူညီတဲ့သူတွေကို ဆန္ဒထုတ်ဖော်တဲ့ပွဲဖြစ်တယ်”ဟု နန်းမားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက ပြောသည်။

နန်းမားကျေးရွာအုပ်စုအတွင်းရှိ ကြာကြီးကွင်းကျေးရွာတွင်လည်း အရွယ်ရောက်သူအမျိုးသားများ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါးသုံးစွဲနေကြသဖြင့် မူးယစ်ဆေးလုံးဝကင်းစင်ပပျောက်သည်အထိ တိုက်ဖျက်ပေးစေလိုသည်ဟု ကြာကြီးကွင်းကျေးရွာ ရာအိမ်မှူးဦးကျော်တင့်က ပြောသည်။

ဆန္ဒဖော်ထုတ်ထားသည့် ကြွေးကြော်သံငါးရပ်တွင် ပါဝင်သည့် နိုင်ငံတော်မှထုတ်ပေးထားသောဝရမ်းကို မဆောင်ရွက်သူ(အလိုမရှိ)ဟူ


နန်းမားကျေးရွာတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အတွက် လူထု ၃၀၀ ခန့်က ဆန္ဒထုတ်ဖော် ဓာတ်ပုံ– ထွန်းထွန်း

သောအချက်နှင့်ပတ်သက်၍ မိုးညှင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဆက်သွယ်မေးမြန်းခဲ့ရာ နန်းမားမြို့တွင် လက်ပစ်ဗုံးများနှင့်အတူ ဖမ်းဆီးခဲ့သူအမျိုးသမီး၏ခင်ပွန်းဖြစ်သူ ထွန်းထွန်းမှာ အမှု ၅ မှုဖြင့် ရင်ဆိုင်ခဲ့ရပြီး ၂၀၀၉ ခုနှစ်က ထောင်ဒဏ် ၇ နှစ်၊ ၂၀၁၅ ခုနှစ်တွင် ကွင်းဆက်တရားခံအဖြစ်စွပ်စွဲခံရပြီးပြန်လည်လွတ်မြောက်ခဲ့ကြောင်း၊ ၂၀၁၆တွင် ဖြစ်ပွားသောအမှု၌စွဲဆိုထားသော ကျင့်ထုံးပုဒ်မ - ၅၁၂ (တရားခံပြေးဖမ်း ဝရမ်း)မှာ ပြစ်ဒဏ်ချနိုင်သည့် ပုဒ်မမဟုတ်ကြောင်း၊ ထိုဝရမ်းမှုနှင့်ပတ်သက်ပြီး ၂၀၁၇ ခုနှစ် မေလ ၁၁ ရက်နေ့က မိုးညှင်းခရိုင်တရားရုံးဒုတိယခရိုင်တရားသူကြီးမှ ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇၊၈၈ အရအမှုပပိတ်သိမ်းခဲ့သဖြင့် တရားရုံးက ဝရမ်းထုတ်ပေးခဲ့ကြောင်း၊ ကျန်အမှုများတွင် ထွက်ပြေးနေခဲ့သဖြင့် အမှုဖွင့်ကာစစ်ဆေး အရေးယူထားကြောင်းသိရသည်။

အဆိုပါဆန္ဒဖော်ထုတ်သူများသည် မြို့မရပ်ကွက်ရှိ အောင်ဆန်းကွင်းတွင် စုဝေးကာ တောင်အင်းလမ်းအတိုင်း ချီတက်၍ မူးယစ်ဆေးရောင်းချသည်ဆိုသော ထွန်းထွန်း၏ အိမ်ရှေ့လမ်းမှ တဆင့်နန်းမားရဲစခန်းရှေ့လမ်း၊ ရှမ်းစုရပ်ကွက်၊ မြို့မရပ်ကွက်မှတဆင့် စုရပ်ဖြစ်သော အောင်ဆန်းကွင်းဆီသို့ မူးယစ်ဆေးဝါးရောင်းချသူ(ဒို့ရန်သူ)၊ မူးယစ်ဆေးဝါးရောင်းချမှုပပျောက်ရေး(ဒို့အရေး)၊ မူးယစ်ဆေးဝါးရောင်းချသူအား ကူညီအားပေးသူ(ဒို့ရန်သူ)၊ နိုင်ငံတော်မှထုတ်ပေးသောဝရမ်းကို မဆောင်ရွက်သူ(အလိုမရှိ)၊ နန်းမားမြို့အား ဖျက်ဆီးသူ ထွန်းထွန်း(ထွက်သွား)ဟူသော ကြွေးကြော်သံ ၅ ရပ် ဖြင့် ကြွေးကြော်လှည့်လည်ခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# ကုန်စည်သယ်ဆောင်ခွင့် ကန့်သတ်ထားခြင်းကြောင့် တနိုင်းမြို့တွင် ကုန်ဈေးနှုန်းမြင့်တက်နေ

မြစ်ကြီးနား၊ ဇွန် ၂၆

မြစ်ကြီးနားမှ တနိုင်းမြို့သို့ ဆန်နှင့် စက်သုံးဆီသယ်ဆောင်ခွင့် ကန့်သတ်ထားခြင်းကြောင့် တနိုင်းတွင်ကုန်ဈေးနှုန်းမြင့်တက်နေကြောင်း တနိုင်းကေဘီစီနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာ ဘရန်ရှောင်က ပြောသည်။

တနိုင်းမြို့သို့ ဆန်တင်ပို့မှုကို ၂၀၁၇ ခုနှစ် မေလပိုင်းမှစတင်ကာ အစိုးရကကန့်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြစ်ကြီးနားမှ မိုင်တစ်ရာကျော်သာဝေးသည့် တနိုင်းမြို့တွင် ဆန်တစ်အိတ်လျှင် ကျပ်တစ်သောင်းခန့်ဈေးပိုနေကြောင်း သိရသည်။


အောက်တိုဘာ ၂ ရက်နေ့က တနိုင်းစုပေါင်းဂိတ်တွင် ဆန်နှင့်စက်သုံးဆီများ သယ်ယူခွင့် ကန့်သတ်နေပုံ ဓာတ်ပုံ – Hugawng Sinapai (Facebook)

မြစ်ကြီးနားတွင် ၂၈၀၀၀ ကျပ်တန်သည့် ဆန်မာတစ်အိတ် ၃၈၀၀၀ကျပ်၊ ငွေတိုးတစ်အိတ် ၃၇၀၀၀ ကျပ်နှုန်း၊ မော်ဘီတစ်အိတ် ၃၅၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးတစ်အိတ် ၆၀၀၀၀ ကျပ် ဈေးရှိကြောင်း၊ မြစ်ကြီးနားမြို့တွင် ပေါ်ဆန်းမွှေးတစ်အိတ် ၅၈၀၀၀ကျပ်၊ လုံးသွယ်မွှေးတစ်အိတ် ၄၂၀၀၀ကျပ်၊ ချင်းတုန်းတစ်အိတ် ၂၈၀၀၀ ကျပ် ဈေးပေါက်ကြောင်း သိရသည်။

“ဆန်ဈေး တက်တာကြောင့် လက်လုပ်လက်စားပြည်သူတွေအတွက် အခက်အခဲဖြစ်တယ်။ နေ့စဉ်နေ့တိုင်းရတဲ့ပိုက်ဆံက လျော့နည်းလာတယ်။ မှော်တွေပျက်စီးသွားတဲ့အတွက် ပိုက်ဆံက ရတာနည်းသွားတယ်။ ရွှေငွေများများမရှာနိုင်တော့ ဆန်ဆီဈေးနှုန်း မြင့်တက်နေတဲ့အတွက်ကြောင့် အခက်အခဲဖြစ်တာပေါ့”ဟု ဦးဘရန်ရှောင်က ဆက်လက်ပြောပြသည်။

တနိုင်းမြို့တွင်ရောင်းချနေသော ဆန်ကုန်သည်များအနေဖြင့် မြို့အတွက်ဆန်လိုအပ်မှုကို ရပ်ကွက်အလိုက်စာရင်းပြုစုကာ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ စာရင်းတင်ပြပြီးမှ သယ်ယူရောင်းချနေရသည်ဟုလည်း သိရသည်။

“ကျွန်တော်တို့တနိုင်းမှာ ဆန်တင်ပို့တာကို ကန့်သတ်တာက စစ်ရေးကြောင့် ကန့်သတ်တာလို့ပဲထင်တယ်။ တစ်ခြားက တော့မသိတော့ဘူး”ဟု ဦးဘရန်ရှောင်က ပြောသည်။

တနိုင်းမြို့သို့ တင်ပို့နေသော ဆန်ကုန်သည်တစ်ဦးလျှင် ဆန်အိတ် ၅၀ မှ ၅၀၀ အထိသာ သယ်ယူပို့ဆောင်ရန် အစိုးရမှ ခွင့်ပြုထားကြောင်း သိရသည်။

ဆန်လတ်

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ထားပြီဖြစ်ကြောင်း ပါတီများပြော


ဦး အောင်ခမ်း


ဦး M ကောန်လ


ဒေါ် ယမ်ခေါန်

မြစ်ကြီးနား၊ ဇွန် ၂၆

ယခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မြစ်ကြီးနားမြို့နယ်၊ အမျိုးသားလွှတ်တော်အတွက် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများကို ရွေးချယ်ထားပြီဖြစ်ကြောင်း နိုင်ငံရေးပါတီအချို့ထံမှ သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် မြစ်ကြီးနားမြို့မှ အငြိမ်းစားအထက်တန်းပြဆရာမကြီး ဒေါ်ယမ်ခေါန်ကို NLD ဗဟိုဌာနချုပ်မှ ဇွန်လ ၂၅ ရက်တွင် အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

ကချင်အမျိုးသားကွန်ဂရက်ပါတီ(KNC)မှလည်း ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေပြီး ဧပြီလက ပြုလုပ်သည့် ပါတီပေါင်းစည်းရေးလူထုအစည်းအဝေးမှ တာဝန်ပေးထားသော ၁၇ ဦးကော်မတီ၏ အဆုံးအဖြတ်အရ မိမိတို့ပါတီအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ဒေါက်တာMကောန်လက ပြောသည်။

"ပြိုင်ဖို့လုပ်ထားတယ်။ အစည်းအဝေးဆုံးဖြတ်ချက်အရ ကြေညာတာပါ။ ပါတီပေါင်းစည်းရေးမှာ ၁၇ ဦးကော်မတီရှိတယ်။ သူတို့ အဆုံးအဖြတ်ပေးဖို့ဩဂုတ်လထဲမှာပြန်ချိန်းထားတယ်။ အဲဒီကျရင်တော့ သူတို့ဆုံးဖြတ်ချက်ကို လိုက်နာပြီး ယှဉ်ပြိုင်ဖို့ လုပ်ထားတယ်၊ အဲဒီကော်မတီနဲ့ အလုပ်မဖြစ်ခဲ့ရင်တော့ ဒီမိုကရေစီနည်းအရဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တယ်"ဟု ဒေါက်တာMကောန်လက ပြောသည်။

ဇွန်လ ၁၂ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် KNC ပါတီအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်ထားခြင်းမရှိသေးကြောင်း၊ ၁၇ ဦးကော်မတီ၏ အဆုံးအဖြတ်ကို စောင့်ဆိုင်းနေကြောင်းလည်း ၎င်းက ပြောသည်။

ကချင်နိုင်ငံရေးပါတီများဖြစ်သည့် ကချင်ဒီမိုကရက်တစ်ပါတီ(KDP)၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ - ကချင်ပြည်နယ်(မနောတိုင်ပါတီ)တို့သည် သုံးပါတီ ပူးပေါင်းကာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကချင်နိုင်ငံရေးပါတီများကိုယ်စား ကချင်ဒီမိုကရက်တစ်ပါတီ(KDP)ဥက္ကဋ္ဌ ဦးအောင်ခမ်းက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

"ဇွန်လ ပထမအပတ်ကတည်းကနေ သုံးပါတီကနေဝင်ရောက်ယှဉ်ပြိုင်ဖို့ပြင်ဆင်ထားပြီးပါပြီ။ လက်ရှိမှာတော့ မြစ်ကြီးနားမြို့ပေါ် ရွာတွေမှာရော သုံးပါတီထဲက လူတွေရှိနေရင်တော့ သိပ်အခက်အခဲတော့ မရှိပါဘူး။ သုံးပါတီခေါင်းဆောင်တွေရဲ့သဘောထားကို မေးတော့ KSDP ဒေါက်တာတူးဂျာလည်းမပါဝင်နိုင်ဘူး၊ မနောတိုင်ပါတီက ဦးခက်ထိန်နန်လည်းမဝင်တော့ ကျွန်တော် ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ပါတယ်"ဟု ဦးအောင်ခမ်းက ရှင်းပြပြောဆိုသည်။

၎င်းတို့သုံးပါတီသည်ပါတီပေါင်းစည်းရေးအတွက် သဘောတူညီမှုများရရှိထားပြီး ပါတီအသစ်၏ အမည်ကို Kachin State People's Party(KSPP) (ကချင်ပြည်နယ်ပြည်သူ၏ပါတီ)ဟု ပဏာမသဘောတူညီထားပြီး ဖြစ်သည်။

ကချင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)နေရာတွင် ယခင်ကရွေးကောက်တင် မြှောက်ခံရသူ NLD ပါတီဝင် ဒေါ်ရှီလာနန်တောင်မှာ ဇန်နဝါရီလ ၃၁ ရက်က နေပြည်တော်ဆေးရုံကြီးတွင် ကွယ်လွန်သွား၍ အသစ်ပြန်လည်တင်မြှောက်ရန် ကြားဖြတ်ရွေးကောက်ပွဲ ဆောင်ရွက်မည် ဖြစ်သည်။

Salai

# မြစ်ကြီးနားမြို့ပေါ် ဘော်ဒါဆောင်များတွင် ကေအိုင်အို အမည်ဖြင့် ဆက်ကြေးလိုက်လံကောက်ခံ

ဇွန် ၂၆

မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များရှိ ဘော်ဒါဆောင်များတွင် ဇွန်လလယ်ခန့်က ကေအိုင်အိုအမည်ဖြင့် ဆက်ကြေးလိုက်လံကောက်ခံခဲ့ကြောင်း သိရသည်။

ဘော်ဒါဆောင် တစ်ဆောင်တွင် ကျပ်သိန်း ၃၀ အခွန်ထည့်ရန် စာပို့တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်းသိရပြီး တချို့ကျောင်းများကို ကျောင်းသားတစ်ဦးထံမှရသည့် တစ်နှစ်စာကျောင်းလခကြေးနှင့် ညီမျှသည့်ပမာဏ လာပေးသွင်းရန် ဖုန်းဆက်ချိန်းဆိုခဲ့ကြောင်း အမည်မဖော်လိုသူ ဘော်ဒါအုပ်တစ်ဦးက ပြောသည်။

"သူတို့က ကေအိုင်အေက လို့ပြောတာပဲ။ ကျွန်တော်တို့က ညည်းပြတော့ သူတို့လည်း အခမ့်တော့ မတောင်းပါဘူး။ ကျွန်တော်တို့ပေးသလောက်ယူသွားပါတယ်"ဟု အဆိုပါဆရာက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ကေအိုင်အို သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူကို ဆက်သွယ်မေးမြန်းသည့်အခါ ၎င်းတို့အဖွဲ့အနေဖြင့် သင်ကြားရေးနေရာများတွင် အခွန်ကောက်ခံလေ့မရှိဟု ငြင်းဆန်ခဲ့သည်။

"အဓိကကောက်တာက စီးပွားရေးလုပ်ငန်းလုပ်ရှင်တွေကို ကောက်တယ်။ ကျွန်တော်တို့နေရာမှာ စီးပွားရေးလာလုပ်စားတဲ့သူတွေကိုရှိတယ်။ စီးပွားရေးသမားတွေ ဝင်ငွေအများကြီးရအောင်အလုပ်လုပ်နေတဲ့သူတွေကို ကောက်တယ်။ အဲဒါက ကေအိုင်အိုရဲ့ပေါ်လစီဟုတ်တယ်။ ဘုရားကျောင်းတွေ စာသင်တဲ့နေရာတွေမှာ အခွန်ကောက်တာက ပေါ်လစီမှာမရှိဘူး"ဟု ပြောသည်။

ယခုကဲ့သို့ အခွန်ကောက်ခံနေသည့်အဖွဲ့မှာ ကေအိုင်အိုဟုတ်/မဟုတ် ဘော်ဒါဆောင်များသို့ပေးပို့သည်ဆိုသော စာများကိုတွေ့မြင်မှ သိနိုင်မည်ဟုလည်း ဗိုလ်မှူးကြီးနော်ဘူက ဆက်ပြောသည်။

"ရာနှုန်းပြည့် ကေအိုင်အိုဟုတ်-မဟုတ်ကို သိဖို့အတွက်က သူလုပ်တဲ့အပြုအမူတွေ၊ သူကိုင်တဲ့ ဘောက်ချာစာရွက်စာတမ်းတွေ၊ တိကျမှန်ကန်မှုရှိရမယ်။ ဖြစ်သလိုလက်နဲ့ရေးတဲ့ဟာမျိုးတွေ သိတဲ့နေရာတွေမှာ ဟိုလိုဒီလိုဆိုပြီး အမိန့်ချပြီးလုပ်တဲ့ဟာက ကေအိုင်အိုမဟုတ်ဘူး"ဟု ဆိုသည်။

ပြီးခဲ့သည့်လများကလည်း ကေအိုင်အို/အေအမည်ဖြင့် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များမှ ကုန်စုံဆိုင်ကြီးများတွင် အခွန်ထည့်ရန် စာများပေးပို့ခဲ့ကြောင်း သိရသည်။

လဖိုင်လု

# ပူတာအိုတွင် မိုးကြိုးထိမှန်သေဆုံးမှု နှစ်တိုင်းဖြစ်ပေါ်နေ

ဇွန် ၂၄

ပူတာအိုတွင် မိုးရာသီရောက်တိုင်းမိုးကြိုးပစ်သေဆုံးမှုဖြစ်စဉ်များ နှစ်တိုင်းဖြစ်ပွားခဲ့သည်။

ဇွန်လ ၁၉ ရက်နေ့ညနေကလည်း မိုးသည်းထန်စွာရွာသွန်းနေချိန် လယ်ကွင်းမှပြန်လာသူ ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်မှ မောင်ဝဒမ်းဂမ်ငုရ်ဆိုသူ မိုးကြိုးထိမှန်သေဆုံးခဲ့သည်။

ထိုနေ့က လယ်ကွင်းထဲတွင် မိုးကြိုးထိမှန်သေဆုံးနေသည်ကို မသိသော မိဘများက သူငယ်ချင်းများ နေအိမ်သို့ သွားရောက်လည်ပတ်နေသည်ဟုအထင်ဖြင့် ၎င်းကို လိုက်လံရှာဖွေခြင်းမပြုကြပါ။ နောက်နေ့မနက်တွင် လိုက်လံရှာဖွေသော်လည်းမတွေ့ခဲ့သေးဘဲ လယ်သွားလုပ်သည့်ဦးလေးဖြစ်သူက လယ်ကွင်းထဲတွင်ဦးခေါင်းဒဏ်ရာ၊ လည်ပင်းညိုမည်းဒဏ်ရာတို့ဖြင့် မိုးကြိုးထိမှန်သေဆုံးနေသည်ကိုတွေ့သဖြင့် ရဲစခန်းသို့အကြောင်းကြားခဲ့ကြောင်း သိရသည်။

ပူတာအိုမှ ခွဲစိတ်ဆရာဝန်ကြီး ဦးဝဏ္ဏကျော်၏ သုံးသပ်ချက်အရ ထိုသို့မိုးကြိုးထိမှန်သေဆုံးခြင်းသည် ထိုလူငယ်၏နားတွင် ပန်ဆင်ထားသည့် သံနားကပ်ကြောင့်ဖြစ်ကြောင်း သိရသည်။

၎င်းကို ဇွန်လ ၂၂ ရက်တွင် မီးသင်္ဂြိုဟ်ခဲ့ပါသည်။

အောင်ခမ်း(ပူတာအို)

# ကချင်ပြည်နယ်အတွင်း ရေလမ်းအသုံးပြုကျောင်းတက်ရသည့် ဒေသများအတွက် အသက်ကယ်အင်္ကျီ အထည် ၅၀၀ ကျော်ရောက်ရှိ



ဖားကန့်မြို့နယ် ၊ ဥရုချောင်း

ဓာတ်ပုံ – မရန်တူးလွမ်

မြစ်ကြီးနား၊ ဇွန် ၂၃

ကချင်ပြည်နယ်အတွင်း မြစ်ကူးချောင်းခြားကျောင်းတက်နေရသည့် ဆရာဆရာမများနှင့် ကျောင်းသူ/သားများအတွက် ပညာရေးဝန်ကြီးဌာနကပေးအပ်သော အသက်ကယ်အင်္ကျီ အထည်ငါးရာကျော်ကို ဇွန်လ ၂၂ ရက်တွင် လက်ခံရရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရေလမ်းအသုံးပြု၍ ကျောင်းတက်နေသည့် ကျောင်းသားများ၊ ဆရာများနှင့် ပညာရေး ဝန်ထမ်းများကို ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပေးအပ်နေခြင်းဖြစ်ကာ ပြည်နယ်အစိုးရမှတစ်ဆင့် လက်ခံရရှိထားသည့် အဆိုပါအင်္ကျီများကို သက်ဆိုင်ရာခရိုင်များသို့ ခွဲဝေချထားပေးသွားမည်ဖြစ်ကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (လွှတ်တော်ရေးရာ) ဦးရဲအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ ပြည်နယ်ရုံးကနေ ခရိုင်ကို ချိတ်တယ်။ ခရိုင်ကနေမြို့နယ်ကို ချိတ်ထားတယ်။ မြို့နယ်ကနေ ဟိုးအောက်ခြေ ဆရာဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေအထိ သူတို့တောင်းထားတဲ့ စာရင်းအတိုင်း ချပေးတော့မှာပါ။ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေလို ဆရာတို့ပြည်နယ်မှာ အသက်အန္တရာယ် စိုးရိမ်စရာတော့မရှိပါဘူး"ဟု ဦးရဲအောင်က ပြောသည်။

ပေးအပ်ခဲ့သည့် အသက်ကယ်အင်္ကျီများမှာ ဆိုဒ်အသေး ၂၁၉ စုံ၊ ဆိုဒ်အကြီး၃၂၄ စုံတို့ဖြစ်ပြီး တန်ဖိုးအနေဖြင့် အကြီးတစ်စုံလျှင် ၆၀၀၀ကျပ်၊ အသေးတစ်ထည်လျှင် ၅၅၀၀ ကျပ်တန်ဖိုးရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

ကချင်ပြည်နယ်တွင်လည်း မြစ်ကူး ချောင်းခြား ကျောင်းတက်နေကြရသော ဆရာ/မများ၊ ကျောင်းသူ/သားများရှိသော်လည်း အခြားဒေသများကဲ့သို့ ဆိုးဆိုးရွားရွား ရေလမ်းခရီးများ မရှိကြောင်း ဦးရဲအောင်က ဆက်ပြောသည်။

"အရင်ကတည်းက ဘာမှမပါဘဲသွားလာတာတောင် ဘာမှမဖြစ်ဖူးတာ။ အခုဆိုရင် အသက်ကယ်ဝတ်စုံတွေ ပေးထားမယ်ဆိုရင် စိတ်ချလက်ချနဲ့သွားလာလို့ရပါပြီ"ဟု ဦးရဲအောင်က ပြောသည်။

ဇွန်လ ၁၃ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းက မြန်မာနိုင်ငံအဝန်းရှိ ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းအသုံးပြုရာဒေသအတွင်းရှိ ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများစသည့်ပညာရေးလုပ်သားများအတွက် အသက်ကယ်အင်္ကျီများကို လိုအပ်မှုအဆင့် (က)၊(ခ)၊(ဂ) ဦးစားပေးခွဲခြားကာ ပညာသင်နှစ်အစတွင်ထုတ်ပေးပြီး နှစ်ဆုံးတွင် ပြန်လည်အပ်နှံသည့် စနစ်ဖြင့် ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိမရှိကို မေးမြန်းခဲ့သည်။

အခြေခံပညာဦးစီးဌာနအနေဖြင့် အသက်ကယ်အင်္ကျီများကို နှစ်နှစ်လျှင် တစ်ကြိမ်နှုန်းဖြင့် လဲလှယ်ထုတ်ပေးခဲ့ရာ ၂၀၁၈ - ၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသအသီးသီးအတွက် အသက်ကယ်အင်္ကျီအသေး ၂၄၄၈၉ စုံ (တစ်စုံလျှင်တန်ဖိုး ၅၅၀၀ ဖြင့် ၁၃၄၆၇၈၉၅၀၀ ကျပ်)၊ အသက်ကယ်အင်္ကျီအကြီး ၂၂၁၂၅ စုံ(တစ်စုံလျှင်တန်ဖိုး ၆၀၀၀ ကျပ်ဖြင့် ၁၃၂၇၅၀၀၀၀ ကျပ်) စုစုပေါင်း အသက်ကယ်အင်္ကျီ ၄၆၆၁၄ ထည်အတွက် ၂၆၇၄၃၉၅၀၀ ကျပ် အသုံးပြုပြီး ခွဲဝေဆောင်ရွက်ပေးခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

ဆိုင်း(ကချင်မြေ)

## Editorial
## အယ်ဒီတာ့အာဘော်

### အနာဂတ်ပျောက်စေတဲ့ ဆေးဝါး

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးလောကသည် လွန်ခဲ့သည့် ဆယ်စုနှစ်များကနှင့်မတူဘဲ အဆများစွာ ပြောင်းလဲလာနေသည်။ ၂၀၀၀ ခုနှစ်များက ဘိန်းဖြူများကို ဆပ်ပြာခွက်လိုက် ဖမ်းဆီးရမိမှု နည်းခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ရာနှင့်ချီသော ဆပ်ပြာခွက်များကို ဖမ်းဆီးသည့် သတင်းများ အတွေ့ရများလာခဲ့သည်။

ကချင်ပြည်နယ်တွင်လည်း မူးယစ်ဆေးဝါးကို သေနတ်များ၊ လက်ပစ်ဗုံးများအား ကာကွယ် အသုံးပြုပြီး ရောင်းချသည့် မူးယစ်ရာဇာများ နှစ်စဉ်တွေ့လာကြရသလို မူးယစ်ဆေးဝါးကို ဆန့်ကျင်ဆန္ဒဖော်ထုတ်ကြသည့်ဒေသခံများလည်းနှစ်တိုင်းပေါ်နေသည်။

ထိုသို့ ရောင်းဝယ်ဖောက်ကားမှု များပြားလာရခြင်းက အမြတ်ငွေအဆမတန်ရရှိသည့် မှောင်ခိုစီးပွားရေး လုပ်ငန်းဖြစ်နေခြင်း၊ အဟောင်းပေးအသစ်ယူ အကွေးစနစ်ရရှိခြင်း၊ ဘိန်းဖြူဝယ်လိုအား(Demand) များပြားခြင်းတို့ကြောင့် ဖြစ်သည်ဟု မူးယစ်ဆေးဝါးစောင့်ကြည့်လေ့လာသူများက သုံးသပ်ကြသည်။

ဟိုယခင်ဆယ်စုနှစ်များက ကချင်ပြည်နယ်၏ မူးယစ်ဆေးဝါးလောကတွင် ဘိန်းဖြူ၏ အခန်းကဏ္ဍမှာ ယခုလောက်မတွင်ကျယ်ခဲ့။ ရိုးရာဓလေ့တစ်ခုအလား သုံးစွဲခဲ့ကြသည့် ဘိန်းမည်းများအစ ဖြတ်ဆေးများအဆုံး လိုက်လံနှိမ်နင်းရာမှ နောက်ပိုင်းတွင် ဘိန်းဖြူကို အစားထိုးသုံးစွဲလာကြခြင်းဖြစ်ကာ ဘိန်းဖြူသုံးစွဲသူအများစု၏ အခြေခံမှာ ဘိန်းမည်းစွဲလမ်းမှုမှ အစပြုခဲ့ကြခြင်းဖြစ်သည်။

လေ့လာသူများ၏အလိုအရ ဘိန်းဖြူသုံးစွဲနေသူများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ဘိန်းမည်းမှ ပြောင်းလဲ သုံးစွဲသူများဖြစ်ကြောင်း၊ ဘိန်းဖြူသုံးစွဲသူများ၏ ရာခိုင်နှုန်း ၇၀ ခန့်သည် သွေးကြောထဲ ထိုးသွင်းသူများဖြစ်ကြောင်း၊ ဘိန်းဖြူကို ပြောင်းလဲသုံးစွဲခြင်းမှာရေတွင်ပျော်ဝင်လွယ်ခြင်း၊ ဘိန်းမည်းများထက် ဖျောက်ဖျက်ရလွယ်ကူခြင်း၊ အသုံးပြုရာတွင် အနံ့မထွက်ခြင်း၊ ဘိန်းမည်းလို ကြိုချက်ဖို့ မလိုအပ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

ဘိန်းဖြူသုံးစွဲသူတစ်စတစ်စများလာရခြင်း၏ နောက်ထပ်အကြောင်းပြချက်များမှာ အာနိသင်က ဘိန်းမည်းထက် တုန့်ပြန်မှုမြန်ဆန်ခြင်း၊ တစ်နေကုန်အောင် သွေးသားထဲတွင် မနေ၍ တစ်ရက်လျှင် နှစ်ကြိမ်ခန့် အနည်းဆုံး သုံးစွဲရခြင်း၊ သုံးစွဲမှုသက်တမ်းကြာလာသည်နှင့်အမျှ ပမာဏမြင့်တက်လာခြင်းတို့ကြောင့် ဈေးကွက်လိုအပ်ချက် မြင့်တက်လာခြင်းဖြစ်သည်ဟု ဆိုသည်။


ဘိန်းသုံးစွဲမှု များပြားရခြင်း၏ အကြောင်းအရင်းများထဲတွင် တိုင်းပြည်မငြိမ်းချမ်းမှုများကို ထည့်သွင်းသုံးသပ်ထားသော်လည်း ထိုအချက်များက ဘိန်းစွဲမှုများဖြစ်ပေါ်ပြီးမှ ဖြစ်လာသည့် အကြောင်းတရားများ ဖြစ်သည်။ ထောက်ပြထားသည့် နောက်တစ်ချက် ဖမ်းဆီးခွင့်ရှိသူ ဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုများဆိုရာတွင် ဝန်ထမ်းများသည် ဟိုယခင်က ကိုယ်တိုင်ပါဝင် ကျူးလွန်မှုများအထိရှိခဲ့သော်လည်း ယခုနောက်ပိုင်း ပွင့်လင်းမြင်သာခေတ်တွင် မူးယစ်ဆေးဝါးမိသူတို့ကို ငွေကြေးနှင့်လဲလှယ်သည့် ဖြစ်စဉ်တချို့မှလွဲ၍ ယခင်က လောက် အတင့်မရဲကြတော့ပါ။

ယနေ့ခေတ်တွင် မူးယစ်ဆေးဝါးကို အစိုးရနှင့် ပြည်သူတို့ပူးပေါင်းပြီး တစ်နေ့ထက်တစ်နေ့ပိုမိုနှိမ်နင်း လာနေပြီဖြစ်၍ မူးယစ်ဆေးဝါးကြောင့် ဘဝပျက်ရသော မိသားစုများ လျော့ကျလာရန်မျှော်လင့်ပါသည်။ ရှေ့ဆက်၍လည်း အစိုးရက အသစ်ထပ်မံစီစဉ်ထားသည့် တိုင်ကြားရေးဌာနများတွင် ပူးပေါင်းပါဝင်၍ ပြည်သူများ ကိုယ်တိုင်ယုံကြည်စွာ တိုင်တန်းနိုင်တော့မည်ဖြစ်သည်။

ပြည်သူများအနေဖြင့် လူသားအရင်းအမြစ်များစွာကို ဝါးမြိုဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို နိုင်ငံတော်နှင့်အတူ ထဲထဲဝင်ဝင် လက်တွဲပူးပေါင်းတိုက်ဖျက်ပါမှ ပပျောက်မည်ဖြစ်သဖြင့် ရှေ့ဆက်၍ တိတ်တဆိတ်သတင်းပေးခြင်းများဖြင့် ပူးပေါင်းပါဝင်ကြဖို့ အပြည်ပြည်ဆိုင်မူးယစ်တိုက်ဖျက်ရေးနေ့တွင် နှိုးဆော်လိုက် ရပေသည်။

မြစ်ကြီးနားသတင်းဂျာနယ်








# ယုဇနကုမ္ပဏီ၏ သိမ်းဆည်းခံလယ်များ ပြန်လည်ရရှိရေးအတွက်မည်သည့်အခြေအနေရောက်ရောက် တရားရင်ဆိုင်သွားမည်ဟု တောင်သူများပြော

မြစ်ကြီးနား၊ ဇွန် ၂၂

ယုဇနကုမ္ပဏီကတောင်သူများထံမှ သိမ်းယူထားသော လယ်မြေများ ပြန်လည်ရရှိရန် မည်သည့်အခြေအနေထိရောက်ရောက် တရားရင်ဆိုင်သွားမည်ဖြစ်ကြောင်း ဖားကန့်မြို့နယ် နောင်းမီကျေးရွာဒေသခံတောင်သူများက ပြောသည်။

ကုမ္ပဏီမှ ၂၀၀၆ ခုနှစ်က သိမ်းယူခဲ့ပြီး စိုက်ပျိုးခြင်းမပြုဘဲ ရှစ်နှစ်ခန့် ပစ်ထားသည့် လယ်ယာများကို တောင်သူများက ပြန်လည်ထွန်ယက်ခဲ့ခြင်းကြောင့် မတ်လ ၁၀ ရက်တွင် တောင်သူလေးဦးကို ကုမ္ပဏီက တရားစွဲဆိုထားသည့်အတွက် တရားရင်ဆိုင်နေရခြင်းဖြစ်သည်ဟု တရားစွဲခံတောင်သူ ဦးငေါ်ချုံဇော်တောင်က ပြောသည်။

"ကျွန်တော်တို့မြေကိုတော့ လုံးဝအဆုံးရှုံးမခံဘူးဆိုပြီး သူတို့ဘယ်လိုလုပ်လုပ် ရင်ဆိုင်နေတာဖြစ်တယ်။ သူတို့က တောင်သူတွေကို စိတ်ပျက်အောင်လုပ်ပြီး လက်လွှတ်စေချင်နေတာပါ။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ဘယ်တော့မှ အဆုံးရှုံးခံမှာမဟုတ်ပါဘူး။ တောင်သူဆိုတာ မြေကိုပဲအားကိုးနေရတာဖြစ်တဲ့ အတွက် မြေမရှိရင်ဘာမျှ မလုပ်စားတတ်ဘူး"ဟု ဦးငေါ့ချုံဇော်တောင်က ပြောသည်။

တောင်သူများအနေဖြင့် ကုမ္ပဏီနှင့်အပြိုင် တရားရင်ဆိုင်သည့်အခါ အလုပ်ပျက်အကိုင်ပျက်ဖြစ်ပြီး ဒဏ်မခံနိုင်သည့်အခါ အလျှော့ပေးမည့်အထင်ဖြင့် နည်းလမ်းပေါင်းစုံဖြင့် ပရိယာယ်သုံးကာ လုပ်ဆောင်နေသည်ဟု တောင်သူများက ၎င်းတို့အမြင်ကို နောင်းမီကျေးရွာ MRJ ဦးဆိုင်းအောင်က သုံးသပ်ပြောဆိုခဲ့သည်။

"ဝါရာဇွတ်နဲ့ ဂျာထူဇွတ်ကျေးရွာက တောင်သူတွေလည်း အိမ်ခြံမြေတွေရောင်းပြီးတော့ ကိုယ့်ရဲ့လယ်ယာတွေ ပြန်ရဖို့လုပ်ပေမယ့် ပိုက်ဆံအရမ်းကုန်ပြီး ဆင်းရဲသည်ထက် ဆင်းရဲလာတော့ ဘယ်လိုမှ မတတ်နိုင်တော့လို့ ယုဇနကုမ္ပဏီကို အရှုံးပေးလိုက်ကြတဲ့ အဖြစ်မျိုးတွေရှိကြတော့ ကျွန်တော်တို့နောင်းမီက တောင်သူတွေကိုလည်း ဒီနည်းအတိုင်း လုပ်ကြတယ်။ ဒါကြောင့် အခုသူတို့ ဘယ်လိုပဲဒုက္ခပေးပေး သူတို့ကို လုံးဝအရှုံးပေးမှာ မဟုတ်ဘူး။ ပြဿနာကတော့ ကြီးသည်ထက် ကြီးလာမှာပါ။ ဒီဖြစ်စဉ်ကို တခြားပြည်သူအားလုံးနဲ့ အစိုးရကိုသိစေချင်ပါတယ်"ဟု ဦးဆိုင်းအောင်က ပြောသည်။

ဦးဆိုင်းအောင်၏ လယ်ယာမြေများသည်လည်း ကုမ္ပဏီက ၂၀၀၆ ခုနှစ်တွင် သိမ်းယူသည့် မြေဧက ၆၀၀၀ ကျော်ထဲပါသွားသည့်အတွက် ပြန်လည်ရရှိရန် နောင်းမီဒေသခံအားလုံးနှင့်အတူ ကုမ္ပဏီနှင့်အကြိမ်ကြိမ်ညှိနှိုင်းပြောဆိုခြင်းများ ရှိခဲ့သော်လည်း ယနေ့ထက်ထိ ပြန်လည်မရရှိသေးကြောင်း သိရသည်။

တောင်သူများကို တရားစွဲဆိုခြင်းမှာ ဒေသခံတောင်သူ ၁၀ ဦးမှ ယခင်ကရင်းတို့ လုပ်ကိုင်ခဲ့သည့်လယ်ဧက ၁၀၀ ခန့်ကို မေလ ၄ ရက်ကစပြီး စပါးစိုက်ပျိုးရန်ထွန်ယက်ခဲ့သဖြင့် ယုဇနကုမ္ပဏီနှင့် အငြင်းပွားကာ တောင်သူ ၄ ဦးကို တရားစွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ယုဇနကုမ္ပဏီက ပြန်ယူပြီး တောင်သူတွေ ထွန်ယက်ထားတာကိုပြန်ထွန်ပြီး စပါးစိုက်ဖို့ လုပ်ထားကြပါတယ်။ အဲဒီတုန်းက သူတို့စိုက်ပျိုးကြတယ် မဖြစ်ထွန်းတော့ မြေတွေကို ၈ နှစ်လောက် ပစ်ထားခဲ့ကြတာပါ။ အဲတော့မှကျွန်တော်တို့ တောင်သူတွေပြန်ဝင်လုပ်တာကို အခုပြန်လုသွားတယ်"ဟုတရားစွဲခံရသည့် တောင်သူဦးငေါ့ချုံဇော်တောင်က ပြောသည်။

ယုဇနကုမ္ပဏီသည် ဟူးကောင်းဒေသသို့ ၂၀၀၆ ခုနှစ်က ဝင်ရောက်လာခဲ့ခြင်းဖြစ်ကာ မူလလုပ်ကိုင်နေသည့် တောင်သူ ၈၀၀ ခန့်ကို လျော်ကြေး၊ နစ်နာကြေးပေးခြင်းလည်းမရှိ လာရောက်တိုင်ပင်ညှိနှိုင်းမှုလည်းမရှိဘဲ သိမ်းယူသွားကြောင်း၊ ထိုသို့ သိမ်းယူလိုက်သည့်အတွက်ကုမ္ပဏီဝင်သည့်ခုနှစ်မှစပြီး သက်ဆိုင်ရာကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် နေပြည်တော်၊ သမ္မတအဆင့်ထိ အကြိမ်ကြိမ်စာတင်ကာ အကူညီတောင်းခံပြီး ကုမ္ပဏီကို တောင်သူများက တရားစွဲဆိုခဲ့ကြောင်း၊ သက်ဆိုင်ရာများက တစ်စုံတစ်ရာဖြေရှင်းခြင်းလည်း မရှိခဲ့ကြောင်း သိရသည်။

"အဲဒီတုန်းကလည်း ကျွန်တော်တို့တောင်သူတွေကုမ္ပဏီကို တရားစွဲခဲ့တာကို အခုထိဘာမှ ဆောင်ရွက်ပေးခြင်း မရှိဘဲနဲ့။ အခုကုမ္ပဏီဘက်က တောင်သူတွေကို တရားစွဲတာကိုတော့ အရေးယူပြီး လုပ်ပေးတယ်။ တောင်သူတွေအလုပ်ပျက်ခံပြီး ဖားကန့်တရားရုံးကို ရုံးချိန်းသွားတာ ၁၁ ခေါက်ရှိပြီ၊ မိသားစုစားဝတ်နေရေးကလည်း အရမ်းခက်ခဲနေပါတယ်"ဟု ဦးငေါ့ချုံဇော်တောင်က ပြောသည်။

ထို့အပြင်တောင်သူများအနေဖြင့် ကုမ္ပဏီနှင့်ပြေလည်ရန် အကြိမ်ကြိမ်ညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း အဆင်ပြေမှု မရရှိခဲ့ကြောင်း နောင်းမီကျေးရွာမှ MRJ အဖွဲ့ဝင် ဦးဆိုင်းအောင်က ပြောသည်။

"ဘယ်လောက်ပဲ ကုမ္ပဏီနဲ့ အကြိမ်ကြိမ်ညှိနှိုင်းပေမယ့် ဘာမှအကျိုးမှ မရှိဘူး။ ညှိနှိုင်းတာကတော့ဆုံးသွားပြီး ပြဿနာပဲကျန်တော့တယ်။ တရားသူကြီးနဲ့ ကုမ္ပဏီက တောင်သူတွေခံနိုင်ရည်မရှိရင် အရှုံးပေးလိမ့်မယ်လို့ထင်ပြီး တောင်သူတွေဒုက္ခရောက်အောင် အမျိုးမျိုးလုပ်နေတယ်"ဟုလည်း ဦးဆိုင်းအောင်က ဖြည့်စွက်ပြောဆိုသည်။

အဆိုပါ တောင်သူများ၏ လယ်ယာမြေဧက ၆၀၀၀ ကျော်တွင် ယခင်အစိုးရလက်ထက် စပါးရောင်းသည့်ခေတ်က တောင်သူများကို အစိုးရမှ ပြေစာပေးထားသည့် လယ်များလည်းပါရှိပြီး ယင်းကျေးရွာရှိဒေသခံများသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကအားထားလုပ်ကိုင်နေသူများ ဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ဟူးကောင်းတောင်သူများ၏ ရိုးရာဓလေ့ထုံးတမ်းမြေယာ အလုပ်ရုံဆွေးနွေးပွဲ

မြစ်ကြီးနား၊ ဇွန် ၂၅

ဟူးကောင်းချိုင့်ဝှမ်းဒေသရှိတောင်သူလယ်သမားများ၏ ရိုးရာဓလေ့ထုံးတမ်းမြေယာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် ကချင်ရိုးရာဓလေ့ထုံးစံမြေယာဥပဒေ ပေါ်ပေါက်လာရေးအတွက် MRJ အဖွဲ့မှ ဟူးကောင်းတောင်သူများက ဦးဆောင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




ဇွန်လ ၂၂နှင့် ၂၃ ရက်တို့က ဟူးကောင်းဒေသ၊ ဝါရာဇွပ်ကျေးရွာတွင် ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဟူးကောင်းဒေသတွင် ပထမဆုံးစံနမူနာအဖြစ် လက်တွေ့ကျင့်သုံးသွားရန် သဘောတူခဲ့ကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် MRJ ကိုယ်စားလှယ်များက ပြောသည်။

ထိုအခမ်းအနားတွင် ရိုးရာဓလေ့ထုံးတမ်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရေးသားဖော်ပြထားသည့် စာအုပ်များပြုစုကာ ရှေးယခင်က ရိုးရာဓလေ့အတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခဲ့ပုံများ၊ လယ်ယာမြေ၊ ဥယျာဉ်မြေလုပ်ကိုင်စားသောက်ခဲ့ပုံများ၊ ဒူဝါအုပ်ချုပ်သည့် မြေနေရာများကို မြေပုံများရေးဆွဲဖော်ပြထားကြောင်း သိရသည်။

ဒွမ်ဘုံးရွာနှင့် တိန်ကောက်ရွာမှ ရိုးရာဓလေ့ထုံးတမ်းမြေအချက်အလက်များကိုကောက်ယူထားပြီး ကျန်ရှိသည့် ရွာ ၂၃ ရွာမှ အချက်အလက်များဆက်လက်ကောက်ယူကာ သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်ကြောင်း အခြေခံလူထုဖွံ့ဖြိုးရေး(MRJ)အဖွဲ့မှ တွဲဘက်အထွေထွေအတွင်းရေးမှူးဦးတန်ဂွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဟူးကောင်းဒေသရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(WCS) သဘာဝဘေးမဲ့တောဧရိယာများသည်ယခင်ကဒူဝါများပိုင်ဆိုင်သည့်နေရာများဖြစ်ကြောင်း၊ ယုဇနကုမ္ပဏီမှ ဧက ၄ သိန်းကျော် အဓမ္မသိမ်းယူခဲ့သည့် မြေနေရာများကို ရိုးရာဓလေ့ထုံးတမ်းမြေယာဥပဒေအရ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထိုဆွေးနွေးပွဲတွင် ဟူးကောင်းဒေသ ဒွမ်ဘုံးရွာမှ ရှင်ဗွေယန်ကျေးရွာအထိကြား ကျေးရွာ ၂၅ ရွာမှ တောင်သူများကို ဖိတ်ကြားပြီး တောင်သူ ၂၀ ကျော် ဆွေးနွေးခဲ့ကြောင်း သိရသည်။

လဖိုင်လု

# ဖားကန့်တွင် မြေစာပြို၍ လူဆယ်ယောက်ကျော် သေဆုံးခဲ့

မြစ်ကြီးနား၊ ဇွန် ၂၅

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စုတွင် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ပြီး မြေစာလျှောဆင်းပြိုကျမှုနှင့် ရေနစ်မြုပ်မှုတို့ကြောင့် လူ ၁၁ ဦးသေဆုံးခဲ့ပြီး ၆ ဦးထက်မနည်း ဒဏ်ရရှိခဲ့ကြောင်း သိရသည်။

ဇွန်လ ၂၂ ရက်နေ့မှစပြီး ဖားကန့်ဒေသတွင် မိုးဆက်တိုက်ရွာသွန်းခဲ့ခြင်းကြောင့် စွန့်ပစ်မြေစာပုံများလျှောကျကာ မြေစာပုံအခြေတွင် နေထိုင်သူများ အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

"ရေမဆေးရာရင်းနဲ့ သေတာလည်း ရှိတယ်။ မြေစာပြိုပြီး သေတာလည်း ရှိတယ်။ တိုးချဲ့ရပ်ကွက်လေးတွေက ကမ်းပါးယံတွေမှာကပ်ပြီး အိမ်ဆောက်ထားတော့ မိုးများတဲ့အခါ ကမ်းပါးယံတွေ ပဲ့ကျတာ"ဟု ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ အတည်ပြုပြောကြားသည်။

အထက်ပါဖြစ်စဉ်တွင် မြေစာပိသေဆုံးသူ ငါးဦးနှင့်ရေထဲပြုတ်ကျသေဆုံးသူ ၆ ဦးရှိခဲ့ပြီး မြေစာပိသေဆုံးသူများထဲတွင် အမျိုးသမီး သုံးဦးပါဝင်ခဲ့ကြောင်း သိရသည်။

"မိုးရွာတဲ့အချိန် ရေမဆေးသွားရှာကြတဲ့ အခါကျတော့ ချော်ကျပြီး ရေကန်ထဲပြုတ်ကျပြီးသေကြတာ။ မိုးအရမ်းရွာတဲ့အချိန် အားလုံးသတိထားပြီးနေသင့်ပါတယ်"ဟုလည်း ဦးကျော်စွာအောင်က ဆက်လက်ပြောသည်။

မိုးရွာသွန်းမှု ဖြစ်စဉ်ကြောင့် ထိုသို့သေဆုံးခဲ့ကြသည့်အပြင် အိမ်ခြေ ၆၀ ခန့်မှာလည်း ပျက်စီးဆုံးရှုံးသွားခဲ့သည်ဟုလည်း သိရသည်။

ဖားကန့်မြို့နယ်အတွင်း စွန့်ပစ်မြေစာပုံပေါင်း ၁၁ ပုံရှိပြီး နှစ်စဉ်မိုးရွာသွန်းမှုကြောင့် အိမ်ခြေထောင်နှင့်ချီကာ ရေဘေးသင့်နေရသဖြင့် ဒေသခံအများစုက ဥရုချောင်းရှင်းလင်းရေးကို စနစ်တကျလုပ်ဆောင်ပေးရန်နှင့် စည်းကမ်းမဲ့မြေစာစွန့်ပစ်မှုများကို ရပ်တန့်ပေးရန် မျှော်လင့်လျက်ရှိသည်။

စည်သူ(မြစ်ကြီးနား)

# Herpes Simplex ရိုးရိုးရေယုံ



ရေယုံဆိုတာ Virus Infections ဗိုင်းရပ်စ်ကနေဖြစ်တယ်။ ပြန်ပြန်ဖြစ်တတ်တယ်။ နေရာအတော်များများမှာဖြစ်တယ်။ ပါးစပ်၊ နှုတ်ခမ်း၊ အရေပြား၊ မျက်စိ၊ လိင်လမ်းကြောင်းတွေမှာ ဖြစ်တယ်။ Cold sores လို့လည်း ခေါ်တယ်။

အနာနဲ့ဖြစ်ဖြစ် အနာမဟုတ်တဲ့နေရာဖြစ်ဖြစ်နဲ့ တိုက်ရိုက်ထိတွေ့မှုကနေ ကူးစက်တယ်။ အနာက မီးလောင်ဖုလေးတွေလိုနေမယ်။ ကိုယ်ပူတာ၊နေထိုင်မကောင်းတာတွေပါခံစားရတတ်တယ်။ဗိုင်းရပ်စ်ကနေဖြစ်တာမို့ နိုင်တဲ့ဆေးဆိုတာမရှိပါ။သက်သာစေမဲ့ဆေးတွေသာ ရှိတယ်။ Herpes simplex virus (HSV) အမျိုးအစား ၂ မျိုးရှိတယ်။ HSV-1 နဲ့ HSV-2 ဖြစ်ကြတယ်။

(၁) HSV-1 ဗိုင်းရပ်စ်ကနေ Herpes labialis ပါးစပ်၊ နုပ်ခမ်း၊ Herpes simplex အရေပြားနဲ့ Herpes keratitis မျက်ကြည်လွှာတွေမှာ ဖြစ်စေတယ်။

(၂) HSV-2 အမျိုးအစားဟာ genital herpes လိင်လမ်းကြောင်းမှာ ဖြစ်စေတယ်။ ဒါပေမဲ့ အဲလိုအတိအကျတော့ ကံသေကမ္ပ ပြောမရဘူး။ Blisters အနာပျောက်ပေမဲ့ ဗိုင်းရပ်စ်က Nerve cells (Ganglia) အာရုံကြောထဲမှာ ကျန်နေသေးမယ်။ ဒါ့ကြောင့် ပြန်ပြန်ဖြစ်စေတယ်။ အရေပြားနဲ့ အရေပြားနုလွှာထဲမှာလည်း ပိုးကကျန်နေနိုင်တယ်။ အကြောင်းတစ်ခုခုကြောင့် ကိုယ်ပူချိန်၊ ရာသီလာချိန်၊ စိတ်ဖိအားများချိန်၊ ကိုယ်ခံအားကျနေချိန်တွေမှာ ရောဂါပြန်ပေါ်တတ်တယ်။

- Oral Infection ပါးစပ်မှာဖြစ်တာကို ဆေးစာနဲ့ Herpetic gingivostomatitis ခေါ်တယ်။
- Genital Infection လိင်လမ်းမှာဖြစ်တာ ပိုဆိုးနိုင်တယ်။ တချို့မှာ သိပ်မခံစားရဘူး။
- ဗက်တီးရီးယားပါ ထပ်ဆင့်ဝင်နိုင်တယ် အနံ့ဆိုးတဲ့အရည်ထွက်မယ်။
- ကိုယ်ခံအား နည်းနေသူတွေမှာဖြစ်ရင် အနာက ပိုပိုကြီးလာမယ်။ ပျောက်ဖို့ကြာတယ်။ ကိုယ်ထဲအထိ ရောဂါရောက်နိုင်တယ်။ အစာမြို့ပြွန်နဲ့ အဆုပ်၊ အူမကြီးအထိ ရောက်နိုင်တယ်။
– HSV-1 ydk;uae Cornea မျက်ကြည်လွှာမှာဖြစ်ရင် မျက်စိနာမယ်။ Herpes simplex keratitis ခေါ်တယ်။ အမြင်ထိခိုက်စေမယ်။ အလင်းရောင်ကိုမကြည့်နိုင်ဘူး။ ဆေးမကုဘဲထားရင် အမြင်တိမ်ဖြစ်ပြီး Corneal transplantation မျက်ကြည်လွှာလဲတာ လုပ်ရမယ်။
- HSV ပိုးကြောင့် ဦးနှောက်မှာဖြစ်ရင် Herpes encephalitis ခေါ်တယ်။ ကိုယ်ပူမယ်၊ စိတ်မကြည်မလင်ဖြစ်မယ်၊ တက်မယ်၊ သေနိုင်တယ်။
- ကိုယ်ဝန်ဆောင် မိခင်လောင်းကနေ သန္ဓေသားကလေးကို ကူးစေနိုင်တယ်။ Neonatal herpes ဖြစ်စေတယ်။ မွေးလမ်းကြောင်းအနားမှာ ရေယုံဖြစ်နေရင် မွေးဖွားနေတုံးမှာ ကူးစေတာဖြစ်တယ်။ မမွေးခင်ကလေးဆီကူးတယ်ဆိုတာ အလွန်ရှားတယ်။

**ဗိုင်းရပ်စ်ကို မသေစေနိုင်ပေမဲ့ ရောဂါကို ဘယ်လိုသက်သာအောင်လုပ်မလဲ။**

- Antiviral Drugs ဆေးဆိုတာမရှိသေးပါ။ ပြန်ဖြစ်နေသူတွေကိုတော့ Acyclovir, Valacyclovir, Famciclovir စားဆေးတွေက သက်သာရာရစေနိုင်တယ်။ စောစောဆေးပေးတာ ပိုသက်သာစေတယ်။
- Penciclovir cream လိမ်းဆေးကို နေ့ခင်းမှာ ၂ နာရီတစ်ခါ လိမ်းသင့်တယ်။
- Docosanol ဆေးပါတဲ့ Creams လိမ်းဆေးကို တစ်နေ့ ၅ ခါ လိမ်းတာလည်း သက်သာစေမယ်။ ဆိုးဝါးတဲ့ Herpes encephalitis ဦးနှောက်နဲ့ မွေးစကလေးတွေအတွက် Acyclovir ဆေးကို IV သွေးပြန်ကြောထဲ ထိုးပေးရမယ်။
- Herpes simplex keratitis မျက်စိဖြစ်တာဆိုရင် Trifluridine eye drops မျက်စဉ်းခပ်ရမယ်။ ဆေးတွေအပြင် အနာနေရာကို သန့်ရှင်းစေတာ လုပ်ရမယ်။ နာတာအတွက် ရေခဲတင်နိုင်တယ်။
- Topical anesthetics (Tetracaine cream or Benzocaine ointment) နာတာသက်သာစေတဲ့ ထုံဆေးလည်းသုံးနိုင်တယ်။ ပါးစပ်မှာ ဖြစ်တဲ့အနာနာရင် Lidocaine သုံးနိုင်တယ်။ မျိုမချရဘူး။
- Pain relievers နာတာသက်သာစေတဲ့ စားဆေးတွေလည်း သုံးနိုင်တယ်။ နောက်ထပ်မဖြစ်အောင်ရေယုံဖြစ်စေတယ်လို့ထင်တဲ့ အလေ့အထနဲ့ အစားအသောက် ရှောင်သင့်တယ်။ နှုတ်ခမ်းအနာရှိသူနဲ့ ပါးစပ်သုံးနမ်းတာ မလုပ်ရ၊ လိင်လမ်းဖြစ်သူနဲ့ လိင်ဆက်ဆံတာ ရှောင်ပါ။ လက်ပွန်းတတည်း မနေပါနဲ့။

**Acyclovir**

Acyclovir ဆေးကနေ ဗိုင်းရပ်စ်ကိုမသေစေပါ။ ဒါပေမဲ့ တိုးပွားလာမှာကို တားပေးပါမယ်။ ရောဂါလက္ခဏာကိုလည်း သက်သာစေမယ်။ Genital herpes လိင်လမ်းရေယုံ၊ Cold sores နှုတ်ခမ်းရေယုံ၊ Shingles ရှင်ဂဲလ်နဲ့ Chicken pox ရေကျောက်ရောဂါတွေကို ပေးတယ်။

- ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ Common cold အအေးမိတာနဲ့ Flu တုပ်ကွေးကိုတော့ မပေးပါ။
- ရောဂါလက္ခဏာတွေဖြစ်တဲ့ နာတာ၊ ပူလောင်တာ၊ ကျင်တာနဲ့ အပူဖုးပေါက်တာတွေ စဖြစ်ကတည်းက ဆေးစသောက်ရမယ်။ ဆေးသောက်နေချိန်မှာလည်း သူများကိုကူးစက်နိုင်တာ သတိထားပါ။ အနာနေရာကို မထိစေပါနဲ့။ မျက်စိနဲ့မထိပါစေနဲ့။ လက်ကို မကြာခဏဆေးကြောပါ။
- ဒီဆေးကို ကိုယ်ဝန်အတွက် FDA pregnancy category B လို့သတ်မှတ်ထားလို့ အကျိုးကပိုတာဆိုရင် ပေးနိုင်တယ်။
- ဆေးကို အစာနဲ့နီးရင် ပိုသင့်တယ်။အစာမရှိလည်းသောက်နိုင်ပါတယ်။
- အနာနေရာကိုခြောက်သွေ့နေစေပါ။ အဝတ်အစား တင်းကျပ်မနေစေပါနဲ့။
- Genital herpes လိင်လမ်းရေယုံဖြစ်နေချိန်မှာ အတူမနေပါနဲ့။ (ကွန်ဒွမ်) သုံးလို့တော့ရပါတယ်။
- ဆီးနည်းလာရင် သတိထားပါ။ ရေသောက်မနည်းစေပါနဲ့။
- ဆေးသောက်နေချိန်မှာသွေးထွက်လွယ်တတ်တယ်။ အားယုတ်တာခံစားရနိုင်တယ်။ တချို့မှာ ပျို့-အန်တတ်တယ်။ ဝမ်းလျှောနိုင်တယ်။ အစားပျက်၊ ဗိုက်အောင့်တတ်တယ်။ ခေါင်းကိုက်၊ ခြေလက်ရောင်နိုင်တယ်။

**ဆေးဘယ်လိုပေးမလဲ**

- Herpes Simplex ရိုးရိုးရေယုံ = Acyclovir 200 mg တစ်နေ့ ၅ ကြိမ်၊ ၅-၁၀ ရက်။ ပြန်ဖြစ်ရင် 400mg တစ်နေ့ ၃ ကြိမ်၊ ၇-၁၀ ရက်။ ပိုးကို နှိမ်ထားဘို့အတွက် Acyclovir 200 mg တနေ့ ၁-၂ ကြိမ်၊ ရက်အကြာကြီး သောက်ပါ။
- Shingles (Herpes Zoster) အပူလောင်သလို အဖူးတွေအများကြီး ကိုယ်ခန္ဓာမှာဖြစ်တာ = Acyclovir 800mg တစ်နေ့ ၅ ကြိမ်၊ ၇-၁၀ ရက်။
- Chickenpox (Varicella Zoster) ရေကျောက် = Acyclovir 800 mg တစ်နေ့ ၄ ကြိမ်၊ ၅ ရက်။

ဒေါက်တာတင့်ဆွေ

# ကချင်ပြည်နယ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုကျဆင်းသော်လည်း ဝိုင်းမော်နှင့်မိုးမောက်တွင် ဖြစ်ပွားမှုများနေဆဲ

မြစ်ကြီးနား၊ ဇွန် ၂၅

ကချင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် ဝိုင်းမော်နှင့်မိုးမောက်မြို့နယ်တို့၌ ငှက်ဖျားရောဂါဖြစ်ပွားမှု များခဲ့သည်ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စာရင်းဇယားများအရသိရသည်။

၂၀၁၇ ခုနှစ် တစ်နှစ်စာ အချက်အလက်များအရ ကချင်ပြည်နယ် တစ်ပြည်နယ်လုံး ငှက်ဖျားရောဂါ ဖြစ်ပွားမှု၏ ၆၀ ရာခိုင်နှုန်းမှာ အထက်ပါမြို့နယ်နှစ်ခုတွင် ဖြစ်ပွားခဲ့သည်ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ရိန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"၂၀၁၇ ခုနှစ်ရဲ့ ကိန်းဂဏန်းတွေအရ ကချင်ပြည်နယ် တစ်ပြည်နယ်လုံးမှာ ငှက်ဖျားရောဂါဖြစ်ပွားနေပေမယ့် ကချင်ပြည်နယ်ရဲ့မြို့နယ် ၁၈ ခုထဲမှာ ဝိုင်းမော်မြို့နယ်နဲ့ မိုးမောက်မြို့နယ်တို့မှာက ဖြစ်ပွားမှုနှုန်း မြင့်မားလွန်းပါတယ်။ ဆိုလိုတာက မြို့နယ်ပေါင်းဖြစ်ပွားမှုက ရာခိုင်နှုန်းကျနေပေမယ့် အဲဒီမြို့နယ်နှစ်ခုက အဖြစ်များနေသေးတယ်။ ကျန်တဲ့မြို့နယ်တွေက ကျသွားတာလည်းပါတယ်။ သူတို့ဟာ သူတို့တော့ လျော့နေတယ်"ဟု ဒေါက်တာဇော်ရိန်က ပြောသည်။

၂၀၁၇ ခုနှစ်အတွင်း ဝိုင်းမော်နှင့် မိုးမောက်မြို့နယ်တို့တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုများရခြင်းနှင့်ပတ်သက်ပြီး အချက်အလက်အစုံအလင်ဖြင့် သုတေသနမလုပ်ဘဲ ပြောရန်ခက်ခဲသည်ဟု ၎င်းကဆက်ပြောသည်။

"ဘာဖြစ်လို့အဖြစ်များနေလဲဆိုရင် အချက်အလက်တွေက အများကြီးရှိတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ သုတေသတနမလုပ်ဘဲပြောဖို့က ခက်ခဲပါတယ်။ ပတ်ဝန်းကျင်အပြောင်းအလဲကြောင့်လည်းဖြစ်တယ်။ တချို့သောပတ်ဝန်းကျင် အပြောင်းအလဲတွေက ငှက်ဖျားကိုကျစေတယ်။ တချို့ပတ်ဝန်းကျင်အပြောင်းအလဲတွေက ငှက်ဖျားကိုဖြစ်စေတယ်။ အဲဒီတော့ တောတောင်ရေမြေ ပတ်ဝန်းကျင်အနေအထားတွေကြောင့်လည်းဖြစ်တယ်။ ကျွန်တော်တို့ဌာနရဲ့ ငှက်ဖျားတိုက်ဖျက်နိုင်ခြင်းရှိ-မရှိပေါ်လည်း မူတည်တယ်။ နောက်တစ်ခါ လူတွေရဲ့ ရွှေ့ပြောင်းသွားလာမှုအပေါ်မူတည်တယ်။ လူတွေက ငှက်ဖျားဖြစ်တဲ့ ဒေသတွေမှာအဝင်အထွက်များနေတယ်ဆိုရင် အကြောင်းအမျိုးမျိုးကြောင့်များလာတယ်ဆိုရင် တက်ချင်တက်လာမယ်" ဟု ဒေါက်တာဇော်ရိန်ပြောသည်။

ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ရာသီဥတုနှင့်လည်း တိုက်ရိုက်ပတ်သက်မရှိသည်ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

၂၀၁၇ ခုနှစ်တစ်နှစ်လုံးအတိုင်းအတာအရ ကချင်ပြည်နယ်တွင် လူဦးရေ ၇၀၇၃ ဦး ငှက်ဖျားရောဂါ ဖြစ်ပွားခဲ့ကြောင်းသိရပြီး ငှက်ဖျားရောဂါကြောင့် လေးဦးသေဆုံးခဲ့ရာ သေဆုံးမှုနှုန်း ၉၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဒေါက်တာဇော်ရိန်က ပြောသည်။

"၂၀၁၂ကနေကြည့်မယ်ဆိုရင် ဒီဖြစ်ပွားမှုက တစ်ပြည်နယ်လုံးမှာ ၈၇ ရာခိုင်နှုန်းကျဆင်းသွားတယ်။ ဆိုလိုတာက ဒီ ၂၀၁၇ ခုနှစ်တစ်နှစ်လုံးမှာ တစ်ပြည်နယ်လုံးမှာ ငှက်ဖျားက ၁၃ ရာခိုင်နှုန်းပဲဖြစ်တယ်လို့ သတ်မှတ်လို့ရတယ်။ ၂၀၁၂ မှာက ၅၇၀၀၀ ကျော်ဖြစ်တယ်။ ၂၀၁၂ခုနှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ကချင်ပြည်နယ်တစ်ပြည်နယ်လုံးမှာ ငှက်ဖျားကြောင့်သေဆုံးတာက ၉၀ ရာခိုင်နှုန်း ကျဆင်းသွားတယ်။ သေဆုံးတာမှာလည်း သိသိသာသာကို ကျဆင်းသွားတယ်"ဟု ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း တစ်ပြည်နယ်လုံးတွင်ငှက်ဖျားရောဂါဖြစ်ပွားမှုအခြေအနေကို သက်ဆိုင်ရာအဖွဲ့အသီးသီးထံမှ စာရင်းဇယားများစောင့်ဆိုင်းတွက်ချက်ရသည့် အတွက် လောလောဆယ်ထုတ်ပြန်ရန်အဆင်မပြေသေးဟုဆိုသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ကချင်၊ ရခိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်အဖြစ်များနေကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရသိရပြီး မဟာမဲခေါင်နိုင်ငံများအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ဒေသတွင်း ငှက်ဖျားပိုးကူးစက်မှုအားလုံးပပျောက်အောင် ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ဆိုင်း (ကချင်မြေ)

မြစ်ကြီးနားသတင်းဂျာနယ်
(နှန် ၂၉၊ ၂၀၁၈)

# မချမ်းဘောညှိသည်

အင်ခိုင်ဘွမ်

ဗိုလ်ချုပ်အောင်ကြီးသည် ၁၉၆၂ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော တော်လှန်ရေးကောင်စီတွင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) အနေဖြင့် ပါဝင်ခဲ့သူဖြစ်သည်။ တပ်မတော်တွင်ရှိစဉ် စစ်ဘက်ကုန်စည်ဖြန့်ဖြူးရေးဌာန(DSI) ကို အောင်မြင်အောင် တည်ထောင်ခဲ့၍ တပ်မတော်စီးပွားရေးကျွမ်းကျင်ပညာရှင် အဖြစ်အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဂါဒီးယန်းသတင်းစာကိုလည်းကောင်း၊ မြဝတီမဂ္ဂဇင်းကို လည်းကောင်း၊ ကြယ်ငါးပွင့် သင်္ဘောလိုင်းကိုလည်းကောင်း တည်ထောင်ခဲ့သည်။ ထို့ပြင် ဘီအိုစီရေနံကုမ္ပဏီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် စက်မှုလက်မှုဌာနများ တာဝန်ခံအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

တော်လှန်ရေးကောင်စီတက်အပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတင်တည်ထောင်ရာတွင်လည်း ပါဝင်ခဲ့သည်။ လမ်းစဉ်ပါတီပုံဖော်ရာတွင် စီးပွားရေးဘက်တွင်ငရုတ်၊ ကြက်သွန်မှစ၍ အားလုံးနီးပါး ပြည်သူပိုင်သိမ်းသည့်ကိစ္စတွင် ဗိုလ်ချုပ်ကြီးနေဝင်းအပါအဝင် ကျန်ကောင်စီဝင်အချို့နှင့်ပါ သဘောထားကွဲလွဲခဲ့သည်။ "အေး. . မင်းတို့သွားလိုတဲ့လမ်းစဉ်ကို လက်မခံနိုင်ရင် နိုင်ငံခြားမှာသံအမတ်ကြီးနဲ့ လေးနှစ်သွားပြီးရှောင်နေလိုက်၊ ငါတို့လေးနှစ်အခုချမှတ်ထားတဲ့လမ်းစဉ်အတိုင်း အောင်မြင်အောင်မလုပ်နိုင်ခဲ့ရင် မင်းကိုပြန်ခေါ်ပြီးနိုင်ငံကိုမင်းလက်ထဲအပ်မယ်" ဟုဗိုလ်ချုပ်ကြီးနေဝင်းက ဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ကြီးကလည်း "ဗိုလ်ချုပ်ကြီးသွားလိုတဲ့လမ်းစဉ်နဲ့ အကောင်အထည်ဖော်မယ့်ကိစ္စများမှာ ကျွန်တော့်ကြောင့် အဟန့်အတားမဖြစ်ရအောင် ကျွန်တော်တပ်ကကော ကိုင်ထားတဲ့ရာထူးလုပ်ငန်းများကပါ အားလုံးစွန့်လွှတ်ပြီး ထွက်ပေးပါ့မယ်။ သံအမတ်ကြီးနဲ့လည်း မသွားပါရစေနဲ့၊ ကျွန်တော့်ကို အေးအေးဆေးဆေးနားခွင့်ပဲ ပေးပါ။ အခုပဲ မကြာခင် ကျွန်တော်နုတ်ထွက်စာ တင်ပို့ပေးပါမယ်"ဟု ဆိုကာ ဆွေးနွေးပွဲအဆုံးသတ်ခဲ့သည်။

တက္ကသိုလ်စိန်တင်၏ မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦးစာအုပ် ဒုတိယတွဲတွင်မူ ဗိုလ်မှူးချုပ်အောင်ကြီးက "ဒီလိုဆိုခင်ဗျားလုပ်ပြလေ။ ကျုပ်စောင့်ကြည့်နေမယ်၊ ခင်ဗျားကို ကျုပ် Challenge လုပ်တယ်၊ စိန်ခေါ်တယ်"ဟု ဆိုကြောင်း ဖော်ပြထားသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း "မင်းကိုလည်းငါ Challenge လုပ်တယ်။ စိန်ခေါ်တယ်။ မင်းမလုပ်နိုင်တာ ဖြစ်အောင်ငါလုပ်ပြမယ်" ဟု ပြန်ပြောခဲ့သည်။ ဗိုလ်ချုပ်အောင်ကြီးသည် တော်လှန်ရေးကောင်စီဝင်၊ ဒုကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရာထူးများမှ နုတ်ထွက်စာတင်ခဲ့သည်။ ဗိုလ်မှူးကြီးခင်ညို၊ ဗိုလ်ချုပ်ကလစ်တို့က ဗိုလ်ချုပ်အောင်ကြီးရုံးခန်းသို့သွားကာ ထွက်စာကို ပြန်လည်ရုပ်သိမ်းရန် တိုက်တွန်းကြသည်။ သို့သော်လေတပ်ဗိုလ်ချုပ်တော်မီကလစ်အား "တော်မီ ကျွန်တော့်ကို ပူတာအို၊ မချမ်းဘောသွားဖို့ လေယာဉ်တစ်စီး အမြန်စီစဉ်ပေးပါ"ဟု ဆိုကာ မချမ်းဘောသို့ ထွက်ခွာခဲ့သည်။

တက္ကသိုလ်စိန်တင်၏ မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦးစာအုပ် ဒုတိယတွဲတွင် ဖော်ပြပုံတစ်မျိုးကို တွေ့ရသည်။ ထိုစဉ် တက္ကသိုလ်စိန်တင်သည် အသက် ၂၈ နှစ်အရွယ် အိုးဝေသတင်းစာအယ်ဒီတာဖြစ်သည်။ ဗိုလ်ချုပ်အောင်ကြီး ရာထူးမှနုတ်ထွက်ပြီး မချမ်းဘောမြို့ကလေးသို့ သွားရန် မန္တလေးသို့ ရထားဖြင့်ဆင်းမည်ဟု သတင်းရသည်။ နံနက် ၆ နာရီရထားဖြစ်သည်။ ထို့ကြောင့် ရန်ကုန်ဘူတာကြီးသို့ နံနက် ၃ နာရီတွင် သွားစောင့်သည်။ နံနက် ၄ နာရီခွဲတွင် ဗိုလ်ချုပ်အောင်ကြီးမိသားစုရောက်လာသည်။ သတင်းစာဆရာများက ဝိုင်း၍ သတင်းယူကြသည်။ ဗိုလ်ချုပ်အောင်ကြီးက "ကျွန်တော် ယခု ကချင်ပြည်နယ် မချမ်းဘောမြို့ကိုသွားဖို့ လေယာဉ်ပျံလက်မှတ် ဝယ်တာ ဝယ်ခွင့်မရဘူးဗျာ။ ပိတ်ထားတယ်။ ဒါကြောင့် မန္တလေးကို မီးရထားနဲ့သွားပြီး၊ ကချင်ပြည်နယ်ကို ခရီးဆက်မယ်။ ကျွန်တော် ရာထူးထွက်တဲ့အကြောင်းကိုတော့၊ မမေးကြပါနဲ့ဗျာ။ ပြောလို့ဆိုလို့မကောင်းပါဘူး။ အဆင်မပြေလို့သာ ရာထူးကထွက်လိုက်တယ်လို့မှတ်ယူကြပါ"ဟု ပြောကြားခဲ့ကြောင်း တက္ကသိုလ်စိန်တင်က ဆိုလေသည်။


ဗိုလ်ချုပ်ကြီးနေဝင်းသည် ဗိုလ်ချုပ်အောင်ကြီး မချမ်းဘောသို့ ထွက်သွားသည်ကိုသိလျှင် နောက်တစ်နေ့တွင်ပင် နိုင်ငံခြားရေးဝန်ကြီး ဦးသီဟန်ကို လေယာဉ်ဖြင့် မချမ်းဘောသို့လိုက်စေခဲ့သည်။ ထွက်စာတင်သည့်ကိစ္စကိုပြန်လည်စဉ်းစားပါရန် ပြောခိုင်းခဲ့သည်။ မချမ်းဘောသို့ ဦးသီဟန်ရောက်သောအခါ ဗိုလ်ချုပ်အောင်ကြီးက ဗိုလ်ချုပ်ကြီးစိတ်ပြောင်းသွား၍ ပြန်လာခေါ်ခြင်းလားဟုမေးသော် ဦးသီဟန်မှာ တိတိကျကျမပြောနိုင်။ သို့နှင့် ဗိုလ်ချုပ်အောင်ကြီးက အကြံပြုချက် ၅ ချက်ကို တင်ပြပေးရန်ပေးခဲ့သည်။ ထိုအချက် ၅ ချက်ကိုလက်ခံပါက နုတ်ထွက်သည့်ကိစ္စကို ၄ - ၅ နှစ်ရွှေ့ဆိုင်းပါမည်ဟု ဦးသီဟန်ကို မှာကြားလိုက်သည်။

ဦးသီဟန်မချမ်းဘောမှပြန်ရောက်သောအခါ ထိုအချက် ၅ ချက်ကို ဗိုလ်ချုပ်ကြီးနေဝင်းကို လုံးစေ့ပတ်စေ့ရှင်းလင်းမတင်ပြရဲခဲ့။ ဦးသီဟန်အနေနှင့် ကျောက်တုံးနှစ်ခုကြားညပ်နေသောသူကဲ့သို့ ဖြစ်ခဲ့သည်။ စကားနည်းရန်စဲသဘောမျိုးဖြင့် ဗိုလ်ချုပ်ကြီးခိုင်းလိုက်သလို ဗိုလ်ချုပ်အောင်ကြီးထွက်စာရုပ်သိမ်းရေးကိစ္စ မအောင်မြင်ခဲ့ကြောင်းသာ တင်ပြရဲခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းကဆိုရှယ်လစ်စနစ်ဖြင့် မဖြစ်မနေသွားရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း သူသိသည်။ ဤတွင် ဗိုလ်ချုပ်ကြီးနေဝင်းက ဦးသီဟန်ကို "ဒီကောင် တို့ကို ဒီလိုပစ်သွားလိမ့်မယ်လို့ငါမထင်ခဲ့ဘူး"ဟု ဆိုခဲ့လေသည်။ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် "ဗိုလ်မှူးချုပ်အောင်ကြီး၏ နုတ်ထွက်လွှာကို တော်လှန်ရေးကောင်စီဝင်များ၊ တိုင်းမှူးများပါဝင်သော အစည်းအဝေးက အပြန်ပြန်အလှန်လှန် စဉ်းစားကြပြီးနောက် ဝမ်းနည်းစွာဖြင့် လက်ခံလိုက်ခြင်းဖြစ်သည်"ဟု ဖော်ပြထားခဲ့သည်။ မတ်လ ၇ ရက်နေ့တွင် ကာကွယ်ရေးဌာန ကောင်စီညွှန်ကြားလွှာ အမှတ် ၄/၅၃၊ အပိုဒ် ၅(က)(၂)အရ တပ်မတော်(ကြည်း)တွင် စစ်မှုထမ်းခြင်းမှ ရပ်စဲခဲ့သည်။

ဗိုလ်ချုပ်အောင်ကြီးမှာမူ ချစ်စရာ့မချမ်းဘောတွင် ဧည့်သည်အဖြစ် နေထိုင်ခဲ့လေသည်။



ဗိုလ်ချုပ် အောင်ကြီး



ဗိုလ်ချုပ် အောင်ကြီး



၁၉၆၃ ဗိုလ်ချုပ်အောင်ကြီး မြစ်ကြီးနားသို့ရောက်ရှိစဉ်

ရည်ညွှန်း - ကျွန်တော်အညာသားပါခင်ဗျာနှင့် အခြားဆောင်းပါးများ (သခင်အောင်ကြီး-ပေါင်းတည်)
ကျွန်တော်နှင့် ဗိုလ်ချုပ်များ (ကြည်ဝင်းစိန်)
မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး (တက္ကသိုလ်စိန်တင်)




**တုတ်ထိုး - - -**

အောင်ဆန်းတဲ့ စုကြည်
အောင်ဆန်းဆို ဗိုလ်ချုပ်သမီး
အာဇာနည်
မြန်မာပြည်ရဲ့ချစ်သမီး
ယနေ့အရေးမှာဖြင့်
မအေ့သွေးပီပီမို့
ဘာမထီခေါင်းစိတ်ကယ်နဲ့
မြန်မာပြည် ဒေါင်းတောင်
နိမိတ်တွေနဲ့
ကျောင်းခေါင်ရိပ် အနီးမှာလ
ကောင်းအောင်
ဟိတ်ကြီးပါပေ့
ခေါင်းဆောင်ထိပ်သီး။ ။

**အိုးပေါက်** - အောင်မယ်၊ အောင်မယ်။ ကဗျာတွေ ဘာတွေ ရွတ်လို့ပါ့လား။ ဘယ်သူ့ကဗျာလဲဗျ။

**တုတ်ထိုး** - ဆရာတင်မိုးရဲ့ ကဗျာဗျ။ "အောင်ဆန်းစုကြည်" ဆိုတဲ့ကဗျာ။ နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်ဟာ ဇွန်လ ၁၉ ရက်နေ့က ၇၃ နှစ်ပြည့်ခဲ့တယ်။

**အိုးပေါက်** - ၇၃ နှစ်။ ၇၃ နှစ်ဆိုတာ တောရိုင်း ၇၃ အုပ်၊ ပင်လယ် ၇၃ ခုကို ကျော်ဖြတ်ခဲ့ရသလိုပါပဲ။

**တုတ်ထိုး** - ဟုတ်ပ့ါ၊ ဟုတ်ပ့ါ။ ဒါနဲ့ စကားမစပ်။ ခင်ဗျားရောအမေစုကို ဂုဏ်ပြုတဲ့အနေနဲ့ တစ်ခုခု ကုသိုလ်လေးမပြုချင်ဘူးလား။

**အိုးပေါက်** - ပြုချင်တာပေ့ါဗျာ။ သစ်ပင်စိုက်ရကောင်းမလား။ ဘုန်းကြီးကျောင်းကို ပိုက်ဆံ ၇၃ ကျပ် လှူရမလား။

**တုတ်ထိုး** - ဟဲ့။ သူများတွေလို ၇၃ သိန်း လှူတာမျိုး ဘာတို့လုပ်ပေ့ါ။

**အိုးပေါက်** - ဟဲ့၊ မိုးထဲရေထဲမှာ ၇၃ သိန်းမပြောနဲ့ ၇၃၀၀ လှူဖို့လည်း မလွယ်ဘူး။ ၇၃ ကျပ်လှူတာကလည်း စတိပေ့ါဗျာ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဟွန်း၊ ပြောမပြောချင်ဘူး။

**အိုးပေါက်** - ကဲပါဗျာ။ ခင်ဗျားတိုက်တွန်းလို့ ကလေးတစ်ယောက် ဟိုမှာတောင်းနေတာတွေ့လား။ သူ့ကို ကျုပ် ၇၃၀ လှူလိုက်မယ်။ ကျုပ်လှူနေတဲ့ပုံလေးကို ခင်ဗျားက ဓာတ်ပုံရိုက်ပေးထား။ ခဏနေ ဖေ့စ်ဘွတ်ခ်နိုင်ငံရေးလုပ်ရအောင်။ အမေစုကို ဂုဏ်ပြုတဲ့အနေနဲ့ မရှိဆင်းရဲသားတစ်ယောက်ကို ငွေလှူဒါန်းပါသည်ဆိုတဲ့ Statusလေးတင်ထားရအောင်။

**တုတ်ထိုး** - ဟွန်း။ ကျုပ်ကတော့ Ha Ha ပဲ။

**အိုးပေါက်** - ဒါဆိုရင် အိမ်ရှေ့မှာ နှင်းဆီပင် ၇၃ ပင်စိုက်မယ်ဗျာ။

**တုတ်ထိုး** - သစ်ပင်ကြီးတွေ ဘာတွေစိုက်ပေ့ါဗျာ။ သူများတွေတောင် မြို့လယ်ခေါင်တချို့နေရာတွေမှာ မွေးနေ့သစ်ပင်တွေ စိုက်ကြတယ်။

**အိုးပေါက်** - စိုက်တာလည်း စိုက်ကြပါခင်ဗျ။ ရှင်သန်အောင်လည်း ပြုစုပေးကြပါခင်ဗျာ။ သစ်ပင်စိုက်ပြီး Facebook လည်း တင်ကြပါ။ အမေစုကိုလည်း ချစ်ကြပါ။ အမေစုနဲ့အတူ အလုပ်တွေ အတူလုပ်ကြပါခင်ဗျာ။

**တုတ်ထိုး** - ဒါနဲ့ ခင်ဗျားစီးပွားရေးလေးဘာလေး အဆင်ပြေရဲ့လား။

**အိုးပေါက်** - ဒီလိုပါပဲဗျာ။ ဘဝက နေပူအစို မိုးရွာအခြောက်ပါပဲ။ မြစ်ကြီးနားရာသီဥတုလိုပါပဲ။ လောလောဆယ် လုပ်နေတဲ့ ကတ်ကြေးရောင်းဝယ်ရေးကလည်း သိပ်မနိုပ်တော့ဘူးဗျာ။

**တုတ်ထိုး** - အရင်က ဖဲကြိုးဖြတ်ဝန်ကြီးတွေက အားမပေးတော့ဘူးလား။

**အိုးပေါက်** - နိုင်ငံတော်သမ္မတရုံးက အမိန့်ထုတ်ထားတယ်ဗျ။ "နိုင်ငံတော်အစိုးရ(သို့မဟုတ်) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ထားခြင်း မရှိသော ပြည်တွင်းပြည်ပပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ အစီအစဉ်ဖြင့် ကျင်းပပြုလုပ်သည့် အခမ်းအနားများသို့ တက်ရောက်ရန် ဖိတ်ကြားမှုများကို လက်ခံတက်ရောက်ခြင်းမပြုရန် လမ်းညွှန်မှုအရ အကြောင်းကြားအပ်ပါသည်" တဲ့။

**တုတ်ထိုး** - ငါးနှစ်သက်တမ်းပြည့်ခါနီးပြီမို့ ဖွင့်ပွဲတွေမတက်ခိုင်းတာလားဟင်။ နောက်ရွေးကောက်ပွဲက လာတော့မှာမဟုတ်လား။

**အိုးပေါက်** - မသိဘူးဗျ။ ကျုပ်ဘာမှမသိဘူး။ ကျုပ်သိတာတော့ ကတ်ကြေးတွေ ဖဲကြိုးတွေ အရောင်းကျသွားတာပဲသိတယ်။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။

**အိုးပေါက်** - အရင်က ဒေါ်အောင်ဆန်းစုကြည်ကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ဆုတောင်းပေးခဲ့ကြလို့ထောင်ကျခဲ့ဖူးတဲ့သူတွေ ရှိတယ်။ အခုတော့ လူတိုင်းဆုတောင်းခွင့်ရကြပြီ။ ယူတတ်ရင် အားရစရာပါပဲ။

**တုတ်ထိုး** - ခင်ဗျားတို့ လူမှုကွန်ရက်တွေ ကြည့်လိုက်ရင် ဟက်ပီးဘတ်ဒေးတွေ၊ ဘတ်ဒေးကိတ်တွေနဲ့ ပန်းစည်းတွေနဲ့ မျက်စိကို နောက်နေတာပဲ။ ကျုပ်တို့ဘကြီး သေကြည့်ပါလား။ မဏ္ဍပ်ထိုးပြီး မုန့်ဟင်းခါးကျွေးဦးမှာ၊ စတုဒိတာကျွေးပစ်လိုက်ဦးမှာ။ ကပွဲတွေနဲ့ ကခုန်ပစ်ဦးမှာ။

**အိုးပေါက်** - ဘယ်အဘလဲဟင်။

**တုတ်ထိုး** - ဘယ်အဘဖြစ်ဖြစ်ပေ့ါ။ မပြောဘူး။ ဒါပဲ။

**အိုးပေါက်** - စကားမစပ်။ ဘာသွားသတိရမိလဲဆိုတော့ စာရေးဆရာ မောင်တင်ဦး (မြောင်းမြ)ရဲ့ "ပြည်သူ့အိပ်မက်နဲ့ အမှန်တရားတော်လှန်ရေးစာစုများ" စာအုပ်ထဲက ဆောင်းပါးလေးတစ်ပုဒ် သတိရမိတယ်။ ဆောင်းပါးက "ရေနောက်မှာရွှေကြာပေါက်လျှင်" တဲ့။

**တုတ်ထိုး** - မျှဝေစမ်းပါဦးဗျာ။

အိုးပေါက် - စာရေးသူက ချင်းပြည်ရောက်သွားတယ်။ အိမ်တစ်အိမ်ရောက်သွားတော့ အင်မတန်လှပတဲ့ နှင်းဆီပန်းတစ်ပင် တွေ့တယ်။ အပွင့်ကြီးက လှတယ်။ အိမ်ရှင်က လက်ဆောင်ပေးခဲ့တော့ ရန်ကုန်ဆီယူခဲ့တယ်။ ဒါပေမဲ့ ချင်းပြည်နယ်မှာပွင့်ခဲ့တဲ့ နှင်းဆီလိုမဟုတ်တော့ဘူးတဲ့။ နှင်းဆီပင်ဟာ အသွင်ပြောင်းသွားပြီလား သံသယဝင်မိတယ်တဲ့။

**တုတ်ထိုး** - ဆက်ပါဦးဗျာ။

**အိုးပေါက်** - ပတ်ဝန်းကျင်ရဲ့ ရာသီဥတုက မတူဘူး။ အပူကပြင်းတယ်။ ဒီတော့ နှင်းဆီပန်းဟာ ပွင့်ချင်တိုင်းပွင့်မရတော့တာတဲ့။ ပြီးတော့ စာရေးသူက ဆရာကြီးမင်းသုဝဏ်ရဲ့ "လယ်စောင့်တဲ" ကဗျာလေးကို ခံစားမျှဝေထားပြန်တယ်။

**တုတ်ထိုး** - အဲဒီကဗျာ ကျုပ်တို့လည်း ကြိုက်ခဲ့တာပါပဲ။

"မိုးရေတက်ရေ တဖွေးဖွေး
ကွင်းကျယ် အဝေးဝေး
လယ်စောင့်တဲလေး
ခြေတံရှည်
မိုးကုပ်အောက်မှာတည်
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနဲ့ပနံတင့်"

**အိုးပေါက်** - ဟုတ်တယ်။ အဲ့ဒီကဗျာပါပဲ။ ကြာဆိုတာ ရေကြည်ရေသန့်မှာမှ အစွမ်းကုန်ပွင့်တယ်။ ရေသန့်လေသန့်မှ ချောင်းပုပ်၊ မြောင်းပုပ်၊ ရေကနောက်၊ အမှိုက်သရိုက်တွေ ပြည့်နေရင်တော့ ငွါးငွါးစွင့်စွင့် မပွင့်နိုင်တော့ဘူးဗျ။ အမှိုက်တွေက မျော၊ ပတ်ဝန်းကျင်က မသန့်၊ ခြင်၊ ယင်၊ ပိုးမွှားတွေက တဝီဝီ တဝဲဝဲ။ ဒီလိုနေရာမှာ ကြာပန်းဟာ အစွမ်းကုန်မပွင့်တော့ပါဘူးတဲ့။

**တုတ်ထိုး** - ကျုပ်တို့တိုင်းပြည်ကြီးကရော ဘာထူးမှာလဲ။ သံမဏိနှင်းဆီတစ်ပွင့်ရှိတယ်။ ရေခံမြေခံမကောင်းတော့ နှင်းဆီပွင့်ဟာ အစွမ်းကုန်မပွင့်ရရှာဘူး။ ကျုပ်တို့တိုင်းပြည်ကြီးမှာရွှေကြာပင်တစ်ပင်ရှိတယ်။ ပတ်ဝန်းကျင်မှာက လေနောက်နေတယ်။ ရေနောက်နေတယ်။ အဲဒီပတ်ဝန်းကျင်ကို ကောင်းအောင် ပြုပြင်ကြရမယ်။ ဒါမှသာ ကျုပ်တို့တိုင်းပြည်ကြီးမှာ ထိုက်တန်တဲ့ရွှေကြာပင်ကြီး ပေါက်မှာပါ။

**အိုးပေါက်** - အင်း၊ ဒေါ်အောင်ဆန်းစုကြည်က နှင်းဆီတစ်ပင်ဆိုပါစို့။ ရေနောက်က ဘာလဲ။ လေနောက်က ဘာလဲ။ ၂၀၀၈ ဖွဲ့စည်းပုံဟာ ရေနောက်လေနောက်လား။

**တုတ်ထိုး** - တော်ပြီတော်ပြီ ကျုပ် နိုင်ငံရေးတွေ စိတ်မဝင်စားဘူး။ ပြန်တော့မယ်။ ဆိုင်ကယ်ဦးထုပ်လေးတော့ဆောင်းပြီး ပြန်ဦးမှ။

**အိုးပေါက်** - အောင်မယ်၊ အခါတိုင်း ဆိုင်ကယ်ဦးထုပ်မဆောင်းတတ်တဲ့လူက ခုမှ ဆောင်းလို့ပါလား။

**တုတ်ထိုး** - ဆိုင်ကယ်ဦးထုပ်ဆောင်းကြပါ။ ဆိုင်ကယ်ဦးထုပ်က သင့်အသက်ကို ကယ်တင်နိုင်ပါတယ်။

**အိုးပေါက်** - အမြင်မှန်တွေ ရနေပြီ။

**တုတ်ထိုး** - ပြီးတော့ ဒီကမ္ဘာ့ဖလားဘောလုံးပွဲအတွင်းဆို ပိုပြီးဆိုင်ကယ်ဦးထုပ်ဆောင်းပြီး မောင်းကြပါ။

**အိုးပေါက်** - ဘာဖြစ်လို့။

**တုတ်ထိုး** - မနေ့ညက ဘောလုံးပွဲရုံထဲမှာ မော်တော်ပီကယ်တစ်ယောက် ဘောလုံးပွဲရှုံးလို့ ပေါက်ကွဲနေတာ တွေ့ခဲ့တယ်။

**အိုးပေါက်** - ဟင်၊ ဘာဆိုင်လို့တုန်း။

**တုတ်ထိုး** - မသိဘူးလေ၊ ဆိုင်မလားလို့။ အဟီး။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

# ပြည်နယ်အစိုးရ၏ ဒုတိယတစ်နှစ်တာအတွင်း ဆောင်ရွက်ချက်မျ

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ ကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဇွန်လ ၂၀ ရက်နေ့နံနက်ပိုင်းမှာ ကချင်ပြည်နယ်အခြေစိုက် သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေဆိုခဲ့ကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများ၏ ဖြေကြားချက်များကို မြစ်ကြီးနားသတင်းဂျာနယ်စာဖတ်ပရိသတ်များအတွက် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။

**ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၏ အဖွင့်အမှာစကား**

ကျွန်တော်တို့နိုင်ငံမှာရော ကမ္ဘာမှာရော အင်မတန်မှအရေးအကြီးတဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာဟာ အင်မတန်မှအရေးကြီးပါတယ်။ အရေးကြီးတယ်ဆိုတာ စတုတ္ထမဏ္ဍိုင်ရဲ့အရေးကြီးပုံ ပါဝင်ပတ်သက်တဲ့ စွမ်းအားဟာ အင်မတန်မှကြီးပါတယ်။ နိုင်ငံရေး၊ စီပွားရေးလူမှုရေး စသဖြင့်အစစအရာရာမှာ သတင်းမီဒီယာတွေ မပူးပေါင်းမပါဝင်ဘူးဆိုရင် ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်သူရဲ့ အကျိုးမှာရော အောင်မြင်သင့်သလောက် အောင်မြင်မှာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ မဏ္ဍိုင်ကြီးဟာ အင်မတန်မှ အရေးကြီးပါတယ်။ သတင်း မီဒီယာအသီးသီးက ဆရာတို့ လူကြီးမင်းများ ဂျာနယ်လစ်များ အားလုံးကို ကျွန်တော်တို့ အားကိုးအားထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံလိုဆင်းလည်းဆင်းရဲတယ်၊ ငြိမ်းချမ်းရေးလည်းမရသေးတဲ့ လိုအပ်ချက်တွေ ပြည့်နှက်နေတဲ့ ကျွန်တော်တို့ ပြည်နယ်/နိုင်ငံမှာ ခင်ဗျားတို့ သတင်းမီဒီယာက ပါဝင်ပံ့ပိုးမှသာလျှင် ကျွန်တော်တို့ ငြိမ်းချမ်းရေး ငါးနှစ်နဲ့ရမယ့်ဟာ သုံးနှစ်နဲ့ရသွားနိုင်တယ်။ ငါးနှစ်လောက်နဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပြီးမြောက်မယ့်ဟာ လေးနှစ်လောက်နဲ့ရသွားမယ်။ ဒါက ပူးပေါင်းပါဝင်မှု စည်းလုံးညီညွတ်မှုဟာ ခင်ဗျားတို့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှအရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်မှာတချို့က facebook မှာ တင်ကြတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကြီးက နိုင်ငံရေးမလုပ်ဘူးတဲ့ ဖွံ့ဖြိုးရေးပဲလုပ်နေတယ်တဲ့ အရင်တုန်းကမရှိသေးတဲ့ ဖွံ့ဖြိုးရေး တကယ်လိုအပ်လို့ ကျွန်တော်တို့ကလုပ်နေတာ၊ လမ်းတွေတံတားတွေ ကျေးလက်မီးပေးရေးကအစ ပေါ့လေ။ အကုန်လုံးဟာ အရင်တုန်းက မရှိသေးလို့ လုပ်နေတာ ကျွန်တော်တို့နိုင်ငံ၊ ပြည်နယ်သူ။ သားများအတွက် အားလုံးနဲ့ ပတ်သက်တဲ့ အဆင်ပြေချောမွေ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးပဲ။ ကျွန်တော်တို့ ကချင်ပြည်နယ် အစိုးရရဲ့ မျှော်မှန်းချက်ကတော့ ပြည်နယ်ဟာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီးမှ မူးယစ်ဆေးဝါးကင်းစင်တဲ့ ပြည်ထောင်စုသား တိုင်းရင်းသားတွေအားလုံး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်တဲ့ ပြည်နယ်ကြီးကို ကျွန်တော်တို့ထူထောင်ဖို့ဆိုတဲ့ မျှော်မှန်းချက်ပေါ့လေ။ ရည်မှန်းချက်မှာ အချက် ၈ ချက်ရှိတယ်။ ဒါက ၂၀၁၆ - ၂၀၂၀ အတွင်းပေါ့လေ။ မျှော်မှန်းချက်နဲ့ ရည်မှန်းချက်ကို ပြည့်မီအောင် ဝိုင်းဝန်းပြီး ကြိုးစားနေတဲ့ အချိန်ခါဖြစ်ပါတယ်။ ရည်မှန်းချက်ကတော့ ငြိမ်းချမ်းရေး၊ မူးယစ်ဆေးဝါးကအစ တရားဥပဒေ စိုးမိုးရေးနဲ့ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ မြို့ရွာ/ကျေးလက် အားလုံး လျှပ်စစ်မီးရရှိရေး၊ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စသဖြင့်ပေါ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်အားလုံးဟာ ခင်ဗျားတို့ပါဝင်ဖို့ အရေးကြီးပါတယ်ဆိုတာ ထပ်လောင်းပြီး ပြောကြားလိုပါတယ်။ အထူးသဖြင့်တော့ ဒီနှစ်နှစ်တာကာလမှာ ပြည်နယ်ထဲမှာ တတ်နိုင်သလောက် လိုအပ်တဲ့ နေရာတွေလမ်းတံတားတွေ ဘယ်နေရာက ကျောင်းကပျက်စီးနေပြီး ဘယ်နေရာမှာ ဆေးရုံ ခုတင် ၂၀၀ ကနေ ၃၀၀ အထိ လိုအပ်နေတယ်ဆိုတဲ့ဟာမျိုးကို ဒီနှစ်နှစ်တာကာလအတွင်းမှာ ဖြည့်ဆည်းပြီး ကြိုးစားလုပ်ဆောင်နေပါတယ်။ ဒီနှစ်နှစ်တာကာလပြီးတာနဲ့ ပြည်သူရဲ့ လူမှုဘဝ ဖွံ့ဖြိုးရေးဘက်ကို ပြန်ပြီးဖောင်းပေးပြီးသွားဖို့ အတွက် ရည်ရွယ်ထားပါတယ်။ ဒီလိုသွားနေတဲ့အချိန်မှာ ပြည်နယ်မှာတော့ အနှောင့်အယှက် အတားအဆီး အများကြီး ရှိတာပေါ့လေ၊ ဒီကြားထဲမှာ အင်မတန်မှ အရေးကြီးတဲ့ စတုတ္ထမဏ္ဍိုင်မှာ ပါဝင်နေတဲ့ သတင်းမီဒီယာ အဖွဲ့အသီးသီးကပုဂ္ဂိုလ်တွေကနေ ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့ အထောက်အကူပြုပြီးတော့ ဆက်လက်ပြီး ပြည်သူလူထုအတွက် ပြည်နယ်အတွက် ကြိုးပမ်းဆောင်ရွက်ဖို့ ကျွန်တော်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ သတင်းမီဒီယာ အသီးသီးကလည်း တကယ်အမှန်အတိုင်းဖြစ်နေတဲ့ သတင်းအမှန်အကန်ကို ရရှိဖို့လည်းအရေးကြီးတယ်၊ အဲဒီသတင်းအပေါ်မှာ ပြည်သူတွေကိုသတင်းပို့မယ် စာစောင်တွေမှာရေးမှာ အမှန်အကန်ဖြစ်နေတဲ့သတင်းက ကောင်းချင်ကောင်းမယ်၊ ဆိုးချင်ဆိုးမယ်။ ဆိုးတဲ့အခါကျရင် ကျွန်တော်တို့ပြည်နယ်အစိုးရနဲ့ပြည်သူနဲ့ ဘယ်လို၊ ခင်ဗျားတို့အနေနဲ့အကြံဉာဏ်ပေးတဲ့ပုံစံမျိုးပေါ့။ ကျွန်တော်တို့ ဆက်ပြီး ဖြေရှင်းလုပ်ဆောင်ရမယ်ဆိုတာ . . ။ ဒါပေမယ့် သတင်းအမှန်အကန်ဖြစ်ဖို့လိုတာပေါ့။ ဒီလိုအမှန်အကန်တွေအပေါ်မှာ ကျွန်တော်တို့ ဖြေရှင်းသွားရင် ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်တွေ မြန်မြန်ပြည့်မီ လာမှာဖြစ်ပါတယ်။ သတင်းမီဒီယာများအနေနဲ့ အားလုံးဝိုင်းဝန်းပြီးမှ ပြည်သူအတွက် ပြည်နယ်အတွက် ဖွံ့ဖြိုးဖို့ ငြိမ်းချမ်းရေးရရှိဖို့ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရအောင်လို့ မေတ္တာရပ်ခံချင်ပါတယ်။





ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်



ဦး မြသိန်း

**မေး။ ။ကချင်ပြည်နယ်မှာရှိတဲ့ တစ်သျှူးငှက်ပျောကိစ္စတွေနဲ့ပတ်သက်ပြီး အပြင်မှာလည်း အများကြီးပြောနေတာတွေ ရှိတယ်။ လက်ရှိကချင်ပြည်နယ်အစိုးရကနေပြီးတော့ ဒီတစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုကိုင်တွယ်ဆောင်ရွက်နေပါသလဲ။**

**ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးမြသိန်းဖြေကြားချက်**

ကချင်ပြည်နယ်အတွင်းမှာ တစ်သျှူးငှက်ပျောနဲ့ပတ်သက်ပြီးမှ လွှတ်တော်မှာလည်း အရင်သမ္မတကြီးဦးသိန်းစိန် ငါးနှစ်လက်ထက်မှာလည်း ဆွေးနွေးလို့ မပြီးခဲ့ဘူးလို့သိရပါတယ်။ ကျွန်တော်တို့အစိုးရ တက်လာပြီးတဲ့နောက်ပိုင်းမှာလည်း ဒီကိစ္စကတရားဝင်စိုက်ပျိုးဖို့ဆိုပြီးမှ ပေးခဲ့တာမရှိခဲ့ပါဘူး။ အဲဒီအပြင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကစပြီးမှ ဒီတစ်သျှူးငှက်ပျောကိုဘိန်းအစားထိုးစိုက်ပျိုးဖို့ဆိုပြီးမှ စိုက်ပျိုးခွင့်ပြုခဲ့တယ်လို့သိရပါတယ်။ ဒါပေမယ့် ဒီနေ့ဒီအချိန်မှာ တစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီးမှ ကြီးကြီးမားမား Impact (အကျိုးသက်ရောက်မှု)ဖြစ်လာတာက ဘာလဲဆိုရင် အစိုးရရဲ့ ခွင့်ပြုချက်မရှိဘဲနဲ့ တိုးချဲ့ပြီးမှ စိုက်ပျိုးလာတဲ့ သဘောတွေကိုတွေ့ရတဲ့အခါမှာ ပြည်သူလူထုကနေပြီးမှ ဒီတစ်သျှူးငှက်ပျောဟာ အစိုးရကခွင့်ပြုလို့ စိုက်ပျိုးနေသလားဆိုပြီး သံသယဝင်မယ်ဆိုတာ နားလည်ပါတယ်။ ဒီတစ်သျှူးငှက်ပျောမှာ အသုံးပြုတဲ့ ပိုးသတ်ဆေးတွေက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတယ်၊ အင်း၊အိုင်၊ချောင်း၊ မြောင်းတွေထဲကို ဒီဆေးတွေကျသွားတဲ့အခါမှာ သောက်သုံးတဲ့ ကျွဲ၊ နွားတွေတောင်မှ ထိခိုက်တယ်ဆိုပြီးမှ ဆူဆူညံညံဖြစ်လာတာ ဖြစ်ပါတယ်၊ အဲ

# ားနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲ ကောက်နုတ်ချက်များ


ဗိုလ်မှူးကြီး သူရမျိုးတင်


ဦး ဝင်းညွန့်


ဦး ဝေလင်း

ဒီတော့ ကျွန်တော်တို့ တရားဝင်ခွင့်ပြုထားတာ မရှိပါဘူး။ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းလာတဲ့အခါမှာ တစ်သျှူးငှက်ပျောနဲ့ပတ်သက်ပြီးမှ သူကိုယ်တိုင်လည်းပဲ စိုက်ခင်းများရှိတဲ့နေရာကို သွားရောက်ပြီးမှ လေ့လာတဲ့အခါမှာ ဒီကိစ္စနဲ့ပတ်သက်ပြီးမှ အနာဂတ်မှာ ဘယ်လိုသဘောထားရမလဲဆိုပြီးမှ ကျွန်တော်တို့ ဒီတစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီးမှ ကချင်ပြည်နယ် အစိုးရအနေနဲ့ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးဌာနကို တင်ပြပေးပါဆိုလို့ တင်ပြတဲ့အခါမှာ တစ်သျှူးငှက်ပျောနဲ့ပတ်သက်ပြီးမှ မြေကိုတရားဝင် ချမပေးသေးဘဲနဲ့ ဆိုင်းငံ့ထားပါတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကျလာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီတစ်သျှူးငှက်ပျောကိစ္စနဲ့ ဒီလိုအခြေအနေ Impact မိလာတဲ့အခြေအနေက ဘာလို့လဲဆိုရင် အဲ့လိုခွင့်ပြုချက်မရှိဘဲနဲ့ မြေလွတ်မြေရိုင်းတွေမှာ တိုးချဲ့စိုက်ပျိုးလာတာ တွေ့ရတဲ့အတွက်ကြောင့် ပြဿနာဟာ ကြီးကြီးမားမား ဖြစ်လာရခြင်းဖြစ်ပါတယ်။ ကြိုးပမ်းနေတာကတော့ အနာဂတ်မှာ ဒီတစ်သျှူးငှက်ပျောတွေကို စိုက်ခွင့်ပြုမလား၊ မပြုဘူးလားဆိုတာကို ကျွန်တော်တို့ ဆုံးဖြတ်ဖို့ရာလိုအပ်လာပြီပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရလည်းပဲ ဒီကချင်ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်းမှာပဲ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ဖွင့်လှစ်ထားတယ်။ အဲဒီမှာ တရားဝင်မှတ်ပုံတင်ပြီးမှ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူပဲဖြစ်စေ၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံသူပဲဖြစ်စေ ဒါကျွန်တော်တို့ ရင်းနှီးမြှုပ်နှံနိုင်တယ်။ မြေကိုလည်းပဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခန်း ၁၂ မှာ တရားဝင် တောင်းခံမယ်၊ ဒီလို ဥပဒေတွေအမျိုးမျိုး ပြဋ္ဌာန်းထားပါလျက်နဲ့ ဥပဒေနဲ့အညီ မဆောင်ရွက်ကြတဲ့ ကုမ္ပဏီတွေ လုပ်ငန်းရှင်တွေကြောင့်မို့ ဒီလိုပြဿနာတွေ တက်လာတာဖြစ်ပါတယ်။ ဥပဒေကြောင်းအရသာ ပြောမယ်ဆိုရင် ကျွန်တော်တို့ ဥပဒေနဲ့မညီဘဲနဲ့ ဆောင်ရွက်မှုတွေကို ဆိုလို့ရှိရင် ဥပဒေအရအရေးယူရမှာပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အရေးယူခြင်းထက်ကိုမှ ရင်းနှီးမြှုပ်နှံမှုထဲကဖြစ်စေ နိုင်ငံတော်ထဲကလည်း အကျိုးစီးပွားဖြစ်စေဆိုတဲ့ နှစ်ဦးနှစ်ဘက်ကောင်းတဲ့ အခြေအနေမျိုးကို ရောက်ရှိအောင်ဆိုလို့ရှိရင် ဥပဒေဘောင်အတွင်းကို ရောက်ရှိအောင် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ကြိုးပမ်းနေဆဲလည်း ဖြစ်ပါတယ်။ မကြာခင်မှာ တစ်သျှူးငှက်ပျောစိုက်ခင်းတွေနဲ့ ပတ်သက်ပြီးမှ စိုက်ပျိုးမှုအခြေအနေတွေကိုစိစစ်နေဆဲလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်မှာ တစ်သျှူးငှက်ပျောစိုက်ပျိုးမှုက ပူတာအိုခရိုင်၊ မိုးညှင်းခရိုင်တွေမှာ မရှိဘူး။ ဗန်းမော်ခရိုင်နဲ့ မြစ်ကြီးနားခရိုင်မှာသာ ရှိပါတယ်။ ဒါကြောင့်မို့ ဗန်းမော်နှင့် မြစ်ကြီးနားခရိုင်မှာရှိတဲ့ တစ်သျှူးငှက်ပျောစိုက်ပျိုးမှုအခြေအနေတွေကို ဝန်ကြီးချုပ်ရဲ့ တာဝန်ပေးချက်အရ ကျွန်တော်ခေါင်းဆောင်တဲ့အဖွဲ့က စိစစ်နေတာဖြစ်ပါတယ်။ အဲဒီရလဒ်အဖြေအပေါ်မှာ မူတည်ပြီးမှ တရားဝင်ခွင့်ပြုမလား၊ ခွင့်မပြုဘဲနဲ့ရုတ်သိမ်းမလားဆိုတာ အဲဒီအခါမှသာ ရှင်းရှင်းလင်းလင်းသိလာရမှာဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်။

**မေး။ ။မေလအတွင်းက ဝိုင်းမော်ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ KIA နယ်မြေထဲမှာရှိတဲ့ ဒုက္ခသည်စခန်းတွေကို သွားပြီး ထောက်ပံ့တာတွေ လုပ်မယ်ဆိုရင် မတရားအသင်းဆက်သွယ်မှုဥပဒေပုဒ်မ -၁၇(၁)နဲ့ အရေးယူနိုင်တယ်။ နောက်နောင် လုံးဝမသွားဖို့ ပြောထားတယ်။ အပြင်မှာလည်း တပ်မတော်အပေါ် ဝေဖန်နေတာရှိတယ်။ တပ်မတော်က ဒီလိုထုတ်ပြန်တာတွေပေါ် အဲ့ဒါနဲ့ပတ်သက်ပြီး ဘယ်လို အကန့်အသတ်ရှိလဲ ရှင်းပြပေးစေလိုပါတယ်။**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်၏ ဖြေကြားချက်

ဒီကိစ္စကရှင်းပါတယ်၊ ကျွန်တော်တို့ ကချင်ပြည်နယ် အပါအဝင် ဆက်စပ်ဧရိယာတွေမှာ နယ်မြေမတည်ငြိမ်မှုတွေရှိပါတယ်။ ကေအိုင်အေဆိုတာ လက်ရှိတည်ဆဲဥပဒေများအရမတရားအသင်းလက်နက်ကိုင်အဖွဲ့ အစည်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒီဒေသမှာရှိတဲ့ တရားမဝင်လက်နက်ကိုင်တဲ့ မတရားအသင်းအဖွဲ့နဲ့ ဆက်ဆံတာဟာ တည်ဆဲဥပဒေများအရ ငြိစွန်းတယ်ဆိုတာလဲမေးမြန်းသွားတဲ့သူလည်း သိမှာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီဒေသအတွင်းမှာရှိတဲ့ တိမ်းရှောင်စခန်းတွေကို လူသားချင်းစာနာတဲ့ အကူအညီပေးဖို့ဆိုလို့ရှိရင် တရားဝင်ဖွဲ့စည်းထားတဲ့ ဒေသန္တရအစိုးရအဖွဲ့ဖြစ်တဲ့ ကျွန်တော်တို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြသွားရမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်အစိုးရက ကျွန်တော်တို့ဒေသရဲ့ အစိုးရအဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ လိုအပ်သလိုစိစစ်တာ ပေါင်းစပ်ညှိနှိုင်းတာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို မတင်ပြဘဲနဲ့ မတရားအသင်းဖြစ်တဲ့ ကေအိုင်အေအဖွဲ့ကို သွားလုပ်တာဟာ၊ သွားဆက်သွယ်တာ ဥပဒေအရငြိစွန်းတယ်ဆိုတာ ဒါထင်ရှားပါတယ်။ ကျွန်တော် သေသေချာချာ ပြောလိုပါတယ်။ ဒါကြောင့်မို့လူသားချင်းစာနာတဲ့အကူအညီပေးနိုင်ဖို့ဆိုလို့ရှိရင် တရားဝင်ဖွဲ့စည်းထားတဲ့ နိုင်ငံတော်အစိုးရတစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ဒေသန္တရအစိုးရဖြစ်တဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို အသိပေးသွားရမှာဖြစ်ပါတယ်။ အဲ့ဒီစစ်ရှောင်စခန်းတွေမှာ ရှိနေတဲ့ မြန်မာနိုင်ငံသားတွေကို ကူညီထောက်ပံ့တာပြဿနာမဟုတ်ပါဘူး။ လိုအပ်သလို ကျွန်တော်တို့ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးလို့ရပါတယ်။ ကျွန်တော်တို့ မထိန်းချုပ်နိုင်တဲ့၊ မသိနိုင်တဲ့ နောက်ကွယ်က မတရားအသင်းဖြစ်တဲ့ ကေအိုင်အေနဲ့ အဲဒီကိုသွားတဲ့လူတွေ ဆက်ဆံတာက၁၇(၁)နဲ့ ငြိစွန်းနိုင်တယ်။ အဲ့ဒါကြောင့်မသွားသင့်ဘူးလို့ ပြောခြင်းဖြစ်ပါတယ်။

**လိုင်စင်မဲ့ကားတွေနဲ့ ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်နေလဲဆိုတာ သိပါရစေ။**

## လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဝင်းညွန့်ဖြေကြားချက်

လက်ရှိမှာတော့ without ဆိုင်ကယ်တွေကို စီမံချက်နဲ့ အခုမိုးလုံလေလုံ အားကစားရုံမှာဒါကို ဆောင်ရွက်ပေးနေပါတယ်။ လောလောဆယ် ဒီဟာကို ပထမအဆင့်အနေနဲ့ without ဆိုင်ကယ်တွေအားလုံးကို နံပတ်ရအောင် လုပ်ပေးပါတယ်၊ နောက်ခုန လိုင်စင်မဲ့ကားနဲ့ပတ်သက်ပြီးလွှတ်တော်မှာလည်း လိုင်စင်မဲ့ကားတွေကို ပြည်နယ်နံပတ်ရအောင် လုပ်ပေးနိုင်မလားလို့ မေးပါတယ်။ ဒါကပြည်ထောင်စုကကိုင်တွယ်တာဖြစ်တဲ့အတွက် လုပ်ပေးလို့မရဘူးဆိုပြီး ပြန်ဖြေခဲ့ပါတယ်။ အခုဒီမှာကတော့ လိုင်စင်မဲ့ကားနဲ့ ပတ်သက်ပြီးတော့ တရားမဝင်တဲ့ကားတွေကိုတော့ အရေးယူဖို့ရှိပါတယ်။ ပြည်ထောင်စုအဆင့်က ညွှန်ကြားထားတာတွေလည်းရှိပါတယ်။ ဒါပေမယ့် ဒါက တစ်ဆင့်ပြီးတစ်ဆင့်လုပ်ရမယ့်အရာတွေဖြစ်တဲ့အတွက်ကြောင့် စီမံချက်တွေ သေသေချာချာရေးဆွဲပြီးလို့ရှိရင်တော့ ပြန်ပြီး ထုတ်ပြန်ပေးပါ့မယ်။ လောလောဆယ်တော့ ဆိုင်ကယ်စီမံချက်ပဲ လုပ်နေတာဖြစ်တဲ့အတွက် လိုင်စင်မဲ့ကားစီမံချက်ကို လုပ်ပြီးရင်တော့ ဘယ်လိုအရေးယူမလဲဆိုတာကို ပြန်ပြောပေးပါ့မယ်။

**နန်ကျင်ဘက်မှာစက်မှုဇုန်လုပ်ငန်းကြီးစမယ်လို့ သိရတယ်။ အဲဒီအခြေအနေ ဘယ်အဆင့်ရောက်နေပြီလဲဆိုတာလည်း သိလိုပါတယ်။**

## ဘဏ္ဍာအခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝေလင်းဖြေကြားချက်

နန်ကျင်မှာ ကျွန်တော်တို့ ကချင်ပြည်နယ် ဘက်စုံစီးပွားရေးဇုန်ကြီးဖြစ်ဖို့အတွက် စီမံကိန်းက ဧက ၄၇၀၀ ကို လျာထားပြီး ဖြစ်ပါတယ်။ ဒီဧက ၄၇၀၀နဲ့ ပတ်သက်ပြီးတော့မှ တရုတ်နိုင်ငံက ဟိန်ရုံကုမ္ပဏီနဲ့ ကချင်ပြည်နယ် အစိုးရအဖွဲ့နဲ့ အကျိုးတူ ဆောင်ရွက်ဖို့အတွက် စီမံကိန်းတွေတော့ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ ဒီစီမံကိန်းကိုရေးဆွဲဆောက်ရွက်ပြီးတဲ့အချိန်မှာ ကျွန်တော်တို့သည် နှစ်ဦးသဘောတူနိုင်ဖို့အတွက် မေလ ၈ ရက်နေ့မှာ MoU (နားလည်မှုစာချွန်လွှာ) လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ ကျွန်တော်တို့ဟာ MoU နဲ့ JV (ဖက်စပ်)ချုပ်ဆိုနိုင်ဖို့အတွက် တစ်ဘက်တရုတ်နိုင်ငံက ဟိန်ရှန်ကုမ္ပဏီ အဖွဲ့အစည်းနဲ့ ကျွန်တော်တို့ MoU (Memorandum of Understanding)နဲ့ JV (Joint Venture) ချုပ်ဆိုနိုင်ရေးကော်မတီနဲ့ မကြာခင်မှာ အစိုးရအဖွဲ့ရုံးမှာပဲ အခန်းတစ်ခန်း ညှိနှိုင်းရေးကော်မတီရုံးဖွင့်လှစ်ပြီးတော့မှ အဲဒီမှာပဲညှိနှိုင်းပြီးတော့မှ ချုပ်ဆိုဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိတဲ့ အကြောင်းရှင်းလင်း ဖြေကြားလိုပါတယ်။

## ယင်းမေးခွန်းအပေါ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၏ ဖြည့်စွက်ဖြေကြားချက်

ပြည်နယ်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အဓိကက ဒီစက်မှုစီပွားဇုန်ကို အကောင်အထည်ဖော်နေရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်ကျော်ကာလမှာ ကျွန်တော်တို့ ပြည်နယ်အစိုးရဆီကို ထိုင်းနိုင်ငံကလည်း လာတယ်၊ ကိုးရီးယားကလည်းလာတယ်၊ ဂျပန်လည်းလာတယ်၊တရုတ်စသဖြင့် အားလုံးကလာပြီး ရင်းနှီးမြှုပ်နှံမလိုလိုနဲ့. . . ဘယ်သူမှပြန်မလာပါဘူး။ ကျွန်တော်တို့ပြည်နယ်မှာ ပြည်တွင်းက လုပ်ငန်းရှင်တွေရော ပြည်ပကလုပ်ငန်းကြီးတွေပါလာပြီးတော့ ရင်းနှီးမြှုပ်နှံမှသာလျှင် ပြည်နယ်သူ/သားများရဲ့ လူမှုစီပွားဖွံ့ဖြိုးမှုဘဝက တိုးတက်ဖို့ မြန်ဆန်မှာဖြစ်တယ်။ ဒါမှအလုပ်အကိုင်ရရှိမှာလေ။ ခုနဝန်ကြီးလည်း တင်ပြသွားတဲ့ စက်မှုစီးပွားဇုန်ဆိုတဲ့ဟာက အထူးသဖြင့်လူဦးရေအားဖြင့်တော့ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် သူတို့ရဲ့ အသီးအနှံ သူတို့ရဲ့ ဥယျာဉ်ခြံမြေကစက်မှုကို ကုန်ကြမ်းပဲဖြစ်ဖြစ် ကျွန်တော်တို့ကယူပြီးတော့သူတို့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ အဆင့်ဆင့်ပေါ့။ အသေးစိတ်ကတော့ နောက်ပိုင်းမှ ခင်ဗျားတို့သိမှာပေါ့။ ပြည်တွင်းကို အကျိုးပြုမယ့် ကုန်တွေကိုထုတ်မယ် နိုင်ငံခြားကိုပို့မယ့်ဟာတွေပါမယ်၊ အဲ့လိုပါမယ့်အစီအစဉ်ရှိတယ်။ ကျွန်တော်တို့ ပြည်နယ်အတွက်အများကြီး အကျိုးရှိမှာပါ။ အဲ့လိုမှမလုပ်ရင်လည်း ကျွန်တော်တို့ပြည်နယ်မှာ ဘယ်သူမှမလာချင်

စာ - ၁၃ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၂၉ ၊ ၂၀၁၈ )

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




## အစက်လုံးလေးထဲမှာ

| | |
|---|---|
| စာရေးသူ | = ဥသြ (ချယ်ရီမြေ) |
| စာအုပ်တိုက် | = နိုင်ရတနာစာပေ |
| တန်ဖိုး | = ၂၈၀၀ ကျပ် |


အက်ဆေး၊ ကဗျာ၊ ဝတ္ထုတိုများကို အရေးသွက်သွက် အတွေးထက်ထက်နှင့် ရေးသားနေသော ဆရာဥသြ(ချယ်ရီမြေ)၏ အက်ဆေးပေါင်းချုပ်စာအုပ်ဖြစ်သည်။ အက်ဆေးနှင့်ဝတ္ထုသည် သဘောသဘာဝမတူ။ အက်ဆေးသည်စာရေးသူကိုယ်တိုင်၏ အတွေးများကို လှလှပပ တွေးနိုင်ရေးနိုင်ပြီး၊ ဝတ္ထုမှာမူ ဇာတ်လမ်း၊ ဇာတ်ကွက်များ၊ ဇာတ်ကောင်များမှတစ်ဆင့် ပြောရတွေးရသည်။ အက်ဆေးသည် လွပ်လပ်ပြီး ဘောင်ကျယ်လှသည်။ လမ်းဘေးအကြော်ဆိုင်လေးအကြောင်းမှသည် စကြာဝဠာအကြောင်းအထိရေးပြနိုင်သည်။ အဓိကကစာရေးသူ၏အတွေးလှပဖို့ပင်ဖြစ်သည်။ ယခုဆရာဥသြချယ်ရီမြေ၏ အက်ဆေးများမှာလည်း အမျိုးအစားအကြောင်းအရာစုံလင်လှပြီး တွေးထောင့်ရေးထောင့်များလှပသည့် အက်ဆေးကောင်းများ ဖြစ်ကြပါသည်။

"ကျွန်တော်တို့၏ အပ်ကြောင်းထပ်နေသော ဆုံးမစကားများက သားလေး၏နားထဲမှတစ်ဆင့် ရင်ထဲနှလုံးသားထဲကိုရောက်သည်လား။ သို့မဟုတ် ဟိုဘက်နားကဝင် ဒီဘက်နားက ထွက်လေသည်လား မပြောတတ်။ ဆုံးမနေစဉ်မှာတော့ သားလေးက ငြိမ်သက်စွာ နာခံတတ်သည်။

တစ်ရက်ရုံးကပြန်လာစဉ် သားလေးက အရုပ်ကလေးများနှင့်ကစားနေသည်။ အချိန်က ညနေစောင်းနေပြီ ဖြစ်သည်။ သားလေးကို ပွေ့ဖက်ကာ ပါးပြင်လေးကို နမ်းရှုံက်မိသည်။ ထမင်းစားပြီးပြီလားဟု မေးသည့် အခါစားပြီးပြီဟု ဖြေပါသည်။ သားကျောင်းက အိမ်စာမပါဘူးလားဟု မေးသည့်အခါ သားလေးက မဖြေဘဲနေသည်။ ထပ်မေးသောအခါ ပြီးမှလုပ်မှာဟု ဖြေသည်။ သားက သူ့ကိုတစ်ခုခုခိုင်းပါက ပြီးမှလုပ်မှာဟူသော စကားကို အမြဲပြောတတ်သည်။ ဘယ်ကဘယ်လိုတတ်သည်မသိ။ ထုံးစံအတိုင်း သားဖြစ်သူကိုချီကာ ပေါင်ပေါ်တွင် ထိုင်ခိုင်းပြီး ပညာကြိုးစားဖို့အကြောင်းကို ဆုံးမရန် အစပျိုးသည်။သားကပေစောင်းစောင်းဖြင့် နားထောင်နေသည်။ ပညာမတတ်ပါက သူများခိုင်းတာလုပ်ရမှာဖြစ်ကြောင်း၊ ပညာတတ်မှသာ ချမ်းချမ်းသာသာ တင့်တောင့်တင့်တယ် နေရမှာဖြစ်ကြောင်း ပြောပြသည့်အခါ သားက နားထောင်နေသည်။မိမိစကားဆုံးသောအခါ သားက မေးပါသည်။

"ဖေဖေက ပညာတတ်ပေမယ့် ဘာလို့ဆင်းရဲနေတာလဲ" သားလေး၏ အမေးက အရှိုက်ကို ထိသွားသည်။ ပြန်ဖြေဖို့အားယူစဉ်းစားနေတုန်း သားလေး၏ နောက်ထပ်စကားတစ်ခွန်းက အရှိန်ပြင်းသည့်ညာဝိုက်လက်သီးတစ်လုံးလို ပြေးဝင်လာပါသည်။

"သားသူငယ်ချင်းအဖေဆို ပညာမတတ်ပေမယ့် တိုက်ကြီးလည်းရှိတယ်၊ ကားတွေလည်းရှိတယ်"။(စာ - ၄၄ မှ)




## ကူလီ

| | |
|---|---|
| စာရေးသူ | =ကျော်အောင်(ချယ်ရီမြေ) |
| စာအုပ်တိုက် | = လင်းလွန်းခင်စာအုပ်တိုက် |
| တန်ဖိုး | = ၄၅၀၀ ကျပ် |

အိန္ဒိယစာရေးဆရာ မုလ်ခ်ရပ်ချ်အာနန်ရဲ့စာအုပ်ကို ဆရာကျော်အောင်က ကူလီဆိုပြီး ဘာသာပြန်ခဲ့တဲ့စာအုပ် ဖြစ်ပါတယ်။ မြန်မာဘာသာပြန်စာပေလောကမှာ အနောက်နိုင်ငံတွေက စာအုပ်ကောင်းတွေကို ဘာသာပြန်ထားကြတဲ့ လက်ရာတွေများစွာရှိပါတယ်။ ဒါပေမဲ့ အာရှနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အာဆီယံ စတဲ့နိုင်ငံတွေက ဘာသာပြန်လက်ရာတွေကတော့ များများစားစားမရှိလှပါဘူး။ ရှိတဲ့စာအုပ်တွေကလည်း သူတို့နိုင်ငံက ကျော်ကြားတဲ့ဂန္ထဝင်လက်ရာတွေသာများပါတယ်။ ယခုစာအုပ်လို သရုပ်မှန်ဘဝသရုပ်ဖော် စာအုပ်မျိုးကတော့ နည်းပါးလှပါတယ်။ ယခုဆရာကျော်အောင်ရဲ့ ကူလီစာအုပ်ကတော့ အိန္ဒိယနိုင်ငံရဲ့ လူမျိုးရေးခွဲခြားမှု ဇာတ်မြင့်၊ ဇာတ်နိမ့်၊အထက်လွှာ၊ အောက်လွှာ ခွဲခြားမှုများကို သရုပ်မှန်စွာ ဖတ်ရှုရမယ့် စာအုပ်ကောင်း တစ်အုပ်မို့ လက်တို့လိုက်ပါတယ်။

"ပရပ်မှာ ရောဂါမှ သက်သာလာသော်လည်း စိတ်၏အညှဉ်းခံနေရဆဲဖြစ်သည်။ သူနေကောင်းလာလျှင် သူ့စက်ရုံမှကုန်များကို လေလံတင်၍ ရောင်းချကြောင်းသိရသည်။ ပြီးတော့ သူကလည်း "ခင်ဗျားတို့ကြွေး တစ်ပိုင်မျှမကျန်အောင် ဆပ်မည်ဟု ကတိပေးထားမိသဖြင့် စိတ်ဒုက္ခရောက်နေသည်။ ကောင်လေးနှစ်ယောက် ဈေး၌ ကူလီလုပ်ရသည့်အတွက်လည်း စိတ်ဆင်းရဲပူပန်မိသည်။ သူငယ်စဉ်က ကူလီလုပ်ခဲ့ဖူး၍ ကူလီဘဝသည် ဘယ်မျှဆင်းရဲသည်တို့ကိုလက်တွေ့သိခဲ့ရသည်။တစ်နေ့တပြားရရန်ပင် မနည်းကြိုးစား၍ ရှာရသောအခါဖြစ်သည်။

သူ့ရောဂါအခြေအနေမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုဆိုး၍သာ လာလေသည်။ ဆရာဝန်ကလည်း အသက်ချမ်းသာလိုလျှင် တောင်ပေါ်သို့ပြန်ဖို့ အကြံပေးသည်။ နောက်ဆုံး သူ့မိန်းမနှင့်အတူ တောင်ပေါ်သို့ပြန်ရန် စိတ်ဝင်စားလာသည်။ တာလစီက သူ့ဆရာလင်မယားကို ပသန်ကော့အထိလိုက်ပို့ပြီးမှ ပြန်လာရန်ဖြစ်သည်။မုန္နူးကတော့ ဒေါ်လက်ပူမှာ နေရစ်ခဲ့မည်။ လမ်းစရိတ်မရှိ၍ မုန္နူးပါခေါ်မသွားနိုင်ခြင်းဖြစ်သည်။ နောက် မုန္နူးပါ တောင်ပေါ်သို့ လိုက်သွားရန် ဖြစ်သည်။

ကြေကွဲစရာကောင်းသော ကွဲကွာခြင်းဖြစ်သည်ဟု ပရပ်တို့လင်မယားနှင့် တာလစီဒေါ်လက်ပူမှ ခွာသောနေ့ကို မှတ်တမ်းတင်ရမည်။ ပရပ်နှင့် ပဘာဝတီတို့မှာ ရှိုက်ကြီးတငင်ငိုကြသည်။ မုန္နူးသည် ပရပ်တို့အရွယ်နှင့် ငိုသည့်ယောက်ျားမျိုးကိုမတွေ့ဖူးချေ။(စာ - ၁၆၃ မှ)

## ကဗျာကဏ္ဍ

# စိတ်စူပါမားကတ်

စိတ်ပျက်လို့
စက်ပျက်သလို ပို့စရာဝပ်ရှော့မရှိတဲ့အခါ
စိတ်စူပါမားကတ်ကို ရောက်ခဲ့တယ်။

စိတ်ပေါက်လို့
ဘီးပေါက်သလို လေထိုးကျွတ်ဖာဆိုင်မရှိတဲ့အခါ
စိတ်စူပါမားကတ်ကို ရောက်ခဲ့တယ်။

စိတ်ညစ်လို့
စိတ်ကိုလျှော်ဖွပ်သန့်စင်ဖို့ စိတ်ဆေးဆပ်ပြာလိုတဲ့အခါ
စိတ်စူပါမားကတ်ကို ရောက်ခဲ့တယ်။

စိတ်တိုလို့
စိတ်ရှည်လာအောင် ထပ်ဆက်ဖို့စိတ် ဝယ်ချင်တဲ့အခါ
စိတ်စူပါမားကတ်ကို ရောက်ခဲ့တယ်။

စိတ်ကောက်လို့
ပြန်ဖြောင့်ဖို့ ပေနဲ့တူ လိုတဲ့အခါ
စိတ်စူပါမားကတ်ကို ရောက်ခဲ့တယ်။

စိတ်ဆင်းရဲလို့
ချမ်းသာဖို့ စိတ်ဒေါ်လာတွေလိုအပ်တဲ့အခါ
စိတ်စူပါမားကတ်ကို ရောက်ခဲ့တယ်။

စိတ်ကူးယဉ်ချင်လို့
ခူးဆွတ်ဖို့စိတ် လိုအပ်တဲ့အခါ
စိတ်စူပါမားကတ်ကို ရောက်ခဲ့တယ်။

စိတ်ဝင်စားစရာများလွန်းတဲ့ ကမ္ဘာကြီးထဲ
စိတ်ကျေနပ်စရာ ရှာမတွေ့နိုင်ခဲ့လို့
ငါ့ကိုယ်ငါ စိတ်နာမိတယ်
စိတ်ထဲလည်းမထားတော့ပါဘူး
စိတ်ထောင်းလို့ ကိုယ်ကျေမှာလည်း စိုးရိမ်ရတယ်
ကိုယ့်စိတ်နဲ့ကိုယ် အံဝင်ခွင်ကျမဖြစ်လို့
စိတ်ဓာတ်ကျလာတဲ့အခါ
စိတ်ကျရောဂါကြောက်လို့
မြို့ပြပလက်ဖောင်းပေါ် ချရောင်းနေတဲ့
စိတ်ကြွဆေးကလည်း စိတ်ဖြေစရာမဟုတ်ဘူးလေ။

စိတ်အားငယ်နေမယ့်အစား
လောကကြီးကို စိတ်ချချင်လို့
စိတ်ခံစားမှုဗားရှင်းကို မြှင့်ရဦးမယ်။ ။

အောင်သန့်

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ နန်ကျင်တိုက်နယ် အိမ်အမှတ်(၉) တွင်နေထိုင်ပြီး ကြာရာပါတီး(၁) အလယ်တန်းကျောင်း ပဥ္စမတန်းအောင်မြင်ပြီး ဆဋ္ဌမတန်းတက်ရောက်မည့် မယဉ်ယဉ်ဦး၏ ဖခင်အမည်မှာ ဦးမောင်ဦးဟု မှားယွင်းနေသောကြောင့် ဖခင်အမည်ရင်းအမှန်မှာ ဦးနေမင်းထက် မှတ်ပုံတင်အမှတ် (၉/တကတ(နိုင်)၀၀၃၆၇၃)ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စာ - ၁၁ မှ »


ဒေါက်တာ သင်းလွင်

ဘူး။ ကျွန်တော်အမြဲပြောတယ် Request အမြဲလုပ်တယ်၊ ပြည်တွင်းတွေ ကျွန်တော့်သူငယ်ချင်းတွေအပါ Alpine သောက်ရေသန့် ကျွန်တော့်သူငယ်ချင်းပါ၊ သူငယ်ချင်းလာပါ လာရင်းနှီးမြှုပ်နှံပါ. . . လာပါလို့ပြောတော့'မလာဘူး နယ်မြေမအေးချမ်းသေးဘူး"ဆိုပြီး မလာဘူး။ ဒါတရုတ်ကုမ္ပဏီကတော့ ဒီကအခြေအနေသိပြီးသား ဒါပေမယ့် လာရင်းနှီးမြှုပ်နှံတယ်။ ဒါကတော့ ကျွန်တော်တို့အတွက် ၅၁း၄၉ ပေါ့။ ကျွန်တော်တို့အစိုးရ၊ ပြည်သူတွေအနေနဲ့ ၅၁ သူတို့အနေနဲ့ ၄၉ ပေါ့၊ အများပြည်သူအတွက် အကျိုးရှိတဲ့ စီမံကိန်းပါ။

**လက်ရှိ စစ်ရှောင်ဒုက္ခသည်များအရေးနဲ့ ပတ်သက်ပြီ ပြည်ထောင်စုအစိုးရက နေရပ်ပြန်နိုင်ရေးစီစဉ်မှုတွေ ရှိနေတယ်လို့သိရပါတယ်။ ကချင်ပြည်နယ်အစိုးက ဘယ်လိုဆောင်ရွက်နေပါသလဲ။**

**လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာသင်းလွင်၏ ဖြေကြားချက်**

ကျွန်တော်တို့ မပြန်ခိုင်းသေးပါဘူး။ သူတို့ပြန်ရမယ့်နေရာမှာ အစစအရာရာလုံခြုံစိတ်ချရပြီဆိုတဲ့အခါကျရင် သူတို့ကိုယ်တိုင်ပြန်ချင်ပြီလို့ ပြောခဲ့ရင် ကျွန်တော်တို့ ပြန်လည်ပို့ဆောင်ရေး၊ နေရာချထားရေး၊ စားနပ်ရိက္ခာထောက်ပံ့ရေးတို့ လုပ်ထားပါတယ်။ စစ်ရှောင်စခန်းများ ပိတ်သိမ်းရေး မဟာဗျူဟာစီမံချက် ရေးဆွဲနိုင်ရေးအလုပ်ရုံဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ဖြစ်စေချင်တာကတော့ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နွားကိုယ့်ကျွဲတွေ ရှိတဲ့နေရာကို ပြန်စေချင်တဲ့ဆန္ဒရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ဆန္ဒမပါဘူးဆိုရင် ကျွန်တော်တို့မှာ လုပ်ခွင့်လုံးဝမရှိပါဘူး။ သူတို့ပြန်မယ်ဆိုလို့ရှိရင် ဥပမာနဲ့ ကျွန်တော်ပြောချင်ပါတယ်။ မိုးမောက်မြို့ပေါ်မှာရှိတဲ့ နိသောကရာမကျောင်းဟာ သူတို့ရပ်၊ သူတို့ရွာ ကျောက်စခန်းကိုပြန်ချင်တယ်ဆိုရင် အိမ်ခြေသုံးဆယ်ကျော်လောက် ရှိမယ်ထင်ပါတယ်။ ပြန်မယ်ဆိုရင် ကျွန်တော်တို့က သုံးလေးလစာပေးပါတယ်၊ သွပ်ပြားအချပ်သုံးဆယ်စီပေးပါတယ်။ ဗန်းမော်မြို့ပေါ်မှာရှိတဲ့ တံခွန်တိုင်၊ ရှမ်းကျောင်းဟာဆိုရင် ပြန်ချင်တယ်ဆိုတဲ့အတွက်ပြန်လို့မရတဲ့အခါ သူတို့ကိုရန်ပုံငွေလေးနဲ့ အလှူငွေလေးနဲ့စုပြီးမှ မြေကွက်ကလေးတွေနီးနီးမှာဝယ်ပါတယ်။ သူတို့ရဲ့တကယ့်နေရပ်ကို မပြန်နိုင်တဲ့အကြောင်းအရာတွေ အများကြီးရှိနေတဲ့အတွက် အဲ့ဒီလိုဝယ်ပြီးဆောက်တယ်ဆိုရင် ကျွန်တော်တို့က သွပ်အချပ်သုံးဆယ်စီပေးတယ်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ကူညီပါတယ်။ ကြက်ခြေနီကလည်း အိမ်တွင်းသုံးပစ္စည်းတွေပေးသလို တည်ဆောက်ရေးပစ္စည်းတွေ လွှတူ၊ ပေါက်ပြားတို့ ပေးပါတယ်။ ပြန်လည်နေရာချထားရေးမှာ ငွေပျော်စံပြကျေးရွာရှိမယ်၊ မန်စီမြို့မှာဆိုရင် ရေခူးမန်ခန်ဆိုတာရှိမယ်၊ မိုင်းနား မှန်ပြတောင်နားမှာရှိတဲ့ ဇဒင်ကျေးရွာမျိုးတွေ ရှိပါတယ်။

**ကချင်ပြည်နယ်အတွင်းမှာ တရုတ်နိုင်ငံက အလုပ်သမားတွေဝင်ရောက်နေထိုင်နေတဲ့ အခြေအနေ ရှင်းပြပါ။**

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးသူရမျိုးတင်ဖြေကြားချက်**

ကချင်ပြည်နယ်တွင်းမှာရှိတဲ့ တည်ဆောက်ရေးလုပ်ငန်း၊ စီမံကိန်းလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လုပ်ဆောင်နေတဲ့နေရာတွေမှာဝင်ရောက်လုပ်ကိုင်နေတဲ့ တရုတ်နိုင်ငံသားတွေရှိပါတယ်။ စီမံကိန်းလုပ်ငန်းဆိုလို့ရှိရင် ကျွန်တော်တို့ ချီဖွေရေအားလျှပ်စစ်၊ ဆောက်လက်စရှိတဲ့ တနိုင်း - ပန်ဆောင်လီဒိုလမ်းက အချို့ကျန်နေတဲ့နေရာတွေ နောက်စီးပွါးရေးလုပ်ငန်းတွေ၊ ပုဂ္ဂလိက စီးပွါးရေးလုပ်ငန်းတွေမှာ တချို့နည်းပညာ လုပ်ငန်းပိုင်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ တရုတ်နိုင်ငံသားတွေရှိပါတယ်။ အဲ့ဒါက BP လို့ခေါ်တဲ့ Border Pass ပေါ့။ နယ်စပ်ပေါက်တွေဖြစ်တဲ့ ကန်ပိုင်တီ၊ လွယ်ဂျယ်၊ ပန်ဝါစတဲ့နေရာကနေဝင်ပါတယ်။ ကန်ပိုင်တီကနေဝင်မယ်ဆိုရင် မြစ်ကြီးနားခရိုင်အထိသွားလာခွင့် ၁၃ ညအိပ် ၁၄ ရက်ရပါတယ်။ လွယ်ဂျယ်ကနေဝင်ရင် ဗန်းမော်ခရိုင်တွင်း သွားလာခွင့်ရပါတယ်၊ ၁၃ ညအိပ် ၁၄ ရက်ပါ။ ပန်ဝါကနေ ဝင်မယ်ဆိုရင်လည်းမြစ်ကြီးနားခရိုင်အတွင်း သွားလာခွင့်ရပါတယ်။ တင်ပြပါအတိုင်း ၁၃ ညအိပ်၊ ၁၄ ရက်ရပါတယ်။ နောက်နည်းလမ်းတစ်ခုကတော့ Green Card နဲ့သွားလာလို့ရပါတယ်။ အဲ့ဒါကတစ်နှစ်သက်တမ်းရှိပါတယ်။ တစ်နှစ်သက်တမ်း အတွင်းမှာ သုံးလတစ်ဖြတ်၊ သုံးလတစ်ဖြတ် သက်ဆိုင်ရာဌာနမှာ သက်တမ်းတိုးယူရပါတယ်။ အဲ့ဒီဟာက ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့မပြီးပါဘူး၊ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ သမ္မတရုံးအထိတင်ပြပြီးတော့ဆောင်ရွက်ရတာဖြစ်ပါတယ်။ တစ်နှစ်သက်တမ်း ဖြစ်ပါတယ်၊ လေးကြိမ်သက်တမ်းတိုးပြီး ဆောင်ရွက်ရပါတယ်။ အဲဒီအတွက် သတ်မှတ်ထားတဲ့ အခွန်အခကို သူတို့ဝင်လာတဲ့နယ်စပ်ဂိတ်တွေမှာ ပေးဆောင်ရပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဝင်ပါတယ်။ လက်ရှိ ၅ လပိုင်းကုန်အထိ ကျွန်တော်တို့ ကချင်ပြည်နယ်တွင်းမှာ ဂရင်းကဒ်ကိုင်ဆောင်ပြီး လာရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား ၃၅၇၇ ဦးရှိပါတယ်။ ဂရင်းကဒ်ကိုင်ပြီး အစိုးရခွင့်ပြုချက်ရပြီးဝင်လာလို့ရှိရင် သူတို့နိုင်ငံတွင်းမှာ ကိုင်ဆောင်လာတဲ့ သက်သေခံကဒ်၊ မှတ်တမ်းတွေကို သက်ဆိုင်ရာဂိတ်တွေမှာ ပေးထားရပါတယ်။ ဆိုလိုတာက Border Pass တွေ၊ Green Card တွေနဲ့ဝင်လာရင် ကျွန်တော်တို့မှာ မှတ်တမ်းရှိပါတယ်။ ခိုးဝင်တာကလွဲရင်ပေါ့။

**အစိုးရသက်တမ်း နှစ်နှစ်သက်တမ်းအတွင်းမှာ ငြိမ်းချမ်းရေးအတွက် ဘာတွေဆောင်ရွက်ခဲ့ပါသလဲ။**

**ဗိုလ်မှူးကြီးသူရမျိုးတင် ဆက်လက်ဖြေကြားချက်**

ငြိမ်းချမ်းရေးကို သမ္မတကြီးလည်းပြောပါတယ်၊ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း ပြောပါတယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်း ပြောပါတယ်၊ အားလုံးလိုလားပါတယ်။ ဘယ်လိုအစိုးရပဲတက်လာတက်လာငြိမ်းချမ်းမှု၊တည်ငြိမ်မှုမရှိရင်တော့ သဲထဲရေသွန်ဖြစ်ရတာ များပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဆောင်ရွက်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ကာလရှည်လျားကြာမြင့်စွာ ဖြစ်ပေါ်လာတဲ့ ပဋိပက္ခတွေကြောင့် အင်မတန်ရှုပ်ထွေးတဲ့ နောက်ခံသမိုင်းကြောင်းတွေ ရှိတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အခုလိုကာလတိုတွင်းမှာကြိုးစားဆောင်ရွက်နေပါတယ်။ အခုလည်း ၂၁ရာစုပင်လုံညီလာခံဆိုပြီး ဆောင်ရွက်အကောင်အထည်ဖော်နေတာရှိပါတယ်။ အချို့တိုင်းနဲ့ပြည်နယ်တွေမှာတော့ အစိုးရနဲ့ NCA လက်မှတ်ထိုးပြီးသားတိုင်းရင်းသားလက်နက်ကိုင်တွေရှိတဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်နေတာရှိပါတယ်။ ထင်သာမြင်သာရှိတဲ့ အောင်မြင်မှုတွေ၊ တည်ငြိမ်အေးချမ်းမှုတွေ အနည်းနဲ့အများ အဲဒီပြည်နယ်နဲ့တိုင်းတွေမှာ ဖွံ့ဖြိုးလာနေတာ ငြင်းလို့မရပါဘူး။ ကျွန်တော်တို့ ပြည်နယ်မှာတော့ ရှိနေတဲ့ ကေအိုင်အေအဖွဲ့က ကျွန်တော်တို့နဲ့ လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးတဲ့အတွက် နီးနီးကပ်ကပ်ဆက်သွယ်ဆောင်ရွက်နေတာ မရှိပါဘူးလို့ပြောလို့ရမှာ ဖြစ်ပါတယ်။ အားလုံးရဲ့ လိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေး ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းဖို့ တရားဥပဒေစိုးမိုးရေးရှိဖို့ဆိုတာကလည်း လက်နက်ကိုင်သောင်းကျန်းမှု မရှိမှဖြစ်ပါမယ်။ တပ်မတော်ပိုင်းကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တရားဝင်ပြောထားပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမူဝါဒ ၆ ချက်ရှိပါတယ်။ အမှန်တကယ်သာ စေတနာမှန်တယ်ဆိုရင်တော့ မလိုက်နာစရာ အကြောင်းမရှိပါဘူး။

**ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဖြည့်စွက်ဖြေကြားချက်**

လောလောဆယ်တော့ အခုအများသိတဲ့အတိုင်းပဲ ၂၁ ရာစုပင်လုံနဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို သွားနေတဲ့အတွက် ကျွန်တော်တို့ ပြည်နယ်အစိုးရကို ပြည်ထောင်စုအစိုးရအနေနဲ့ ဘာမျှညွှန်ကြားထားခြင်း မရှိသေးပါဘူး။

Salai ၊ ခေါင်နုတ်

Movie View

**▶ ယခုအပတ် ဇေရာ(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

**မြစ်ကြီးနားမြို့ ဇေရာရုပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကားမှာ**

၂၉ - ၆ - ၂၀၁၈ မှ ၅ - ၇ - ၂၀၁၈ အထိ

နေ့လယ် ၁၂ နာရီ၊ ညနေပိုင်း ၃ နာရီခွဲနှင့် ၇ နာရီခွဲစတဲ့ ပွဲချိန် ၃ ပွဲစလုံးမှာ "ငဒူ" ဆိုတဲ့ မြန်မာဇာတ်ကားကို ပြသမှာပါ။ အဓိကဇာတ်ဆောင်များအဖြစ် မြင့်မြတ်၊ မင်းဦး၊ ရွှေမှုံရတီနဲ့ နန်းဆုဦးတို့က ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။




**အသိပေးကြေညာခြင်း**

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာ၊ လယ်ပြင်ရပ်ကွက်တွင်နေထိုင်သော ဒေါ်သန်းသန်းအေး နှင့် ဒေါ်အေခမ်း ၁/ကမန (နိုင်) ၀၅၇၈၉၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မလှဦးပျို၏ မိခင်ရင်းဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။





# မိုင်းနားစိန့်ဂျိုးဇက်စစ်ရှောင်စခန်းမှ ကလေးငယ်နှစ်ဦး ရေနစ်သေဆုံး



ကလေးငယ် ၂ ဦး ရေနစ်သေဆုံးခဲ့သည့်နေရာ

ဝိုင်းမော်၊ ဇွန် ၂၃

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ စိန့်ဂျိုးဇက်စစ်ဘေးဒုက္ခသည်စခန်းဝင်းအတွင်း ၃ ၅ှ် အသက် ကိုးနှစ်အရွယ်ကလေးငယ်နှစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဇွန်လ ၂၀ ရက်နေ့ ညနေကျောင်းဆင်းချိန်တွင် ဒုက္ခသည်စခန်းဝင်းအတွင်းရှိ မိုးရေအိုင်၌ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးခဲ့ခြင်း ဖြစ်သည်။

ရေနစ်သေဆုံးသွားသည့် ကလေးငယ်နှစ်ဦးမှာ မိုင်းနား၊ လဝမ်ကထောင် မူလတန်းကျောင်းတွင် တတိယတန်း တက်ရောက်နေသောမျိုးလတ်အောင်နှင့် ဆိုင်းလော့ဒ်အောင်တို့ဖြစ်ကြောင်း သိရသည်။

စစ်ရှောင်စခန်းဝင်းအတွင်းတွင် ကလေးတစ်ယောက်၏ ရင်ညွန့်ခန့်နက်သော မိုးရေအိုင်တွင် ရေဆင်းကူးရာမှ နစ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မမြေးက အရမ်းလိမ္မာတာဟုတ်တယ်။ သူ့ကိုအလုပ်ခိုင်းထားတာ ဘယ်လိုလုပ်ပြီး ရေသွားချိုးတာလဲမသိဘူး။ ကျွန်မက ထမင်းစားဖို့ မြေးကိုစောင့်နေတာ ခဏနေတော့ ရေနစ်တယ် ဆိုတဲ့အကြောင်းကို ကြားလိုက်ရတယ်"ဟု သေဆုံးသူဆိုင်းလော့ဒ်အောင်၏ အဘွားကပြောသည်။

ရေနစ်သေဆုံးသွားခဲ့သည့် ကလေးငယ်နှစ်ဦးကို ရာဒါကောင်းသုသာန်တွင် သွားရောက်သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင်လည်း အဆိုပါစစ်ရှောင်စခန်းမှ ကလေးနှစ်ဦး ရေနစ်သေဆုံးခဲ့ဖူးကြောင်း သိရသည်။

ဆန်လတ်

# စီးပွားရေးသမားများက လယ်တောလမ်းကို ရွှေတူးလိုက်၍ လမ်းအသစ် ဖောက်လုပ်ပေးရန် ဒေသခံများတောင်းဆို

မြစ်ကြီးနား၊ ဇွန် ၂၁

ဝိုင်းမော်မြို့နယ်၊ ဂွေထုပြည်သူ့စစ်ဒေသတွင် ဒေသခံများ လယ်တောသွားသည့် လမ်းကို စီးပွားရေးသမားများက ရွှေတူးလိုက်ကြသဖြင့် အမြန်ဆုံးလမ်းသစ်ဖောက်လုပ်ပေးရန် ဒေသခံတောင်သူများက ဆန္ဒရှိကြသည်။

အဆိုပါလမ်းမှာ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်ကတည်းက တောင်သူအိမ်ခြေ ၁၀၀ နီးပါးခန့်က အသုံးပြုခဲ့သောလမ်းဖြစ်ပြီးယင်းလမ်းကို ပြန်လည်ပြုပြင်ရန် မလွယ်ကူသည့်အတွက် လမ်းသစ်အမြန်ဆုံး ဖောက်လုပ်ပေးစေလိုကြောင်းဒေသခံတောင်သူများကတောင်းဆိုနေကြသည်။

"ရွှေတူးပြီး ဖျက်ဆီးပေးလိုက်တဲ့သူတွေနဲ့ တောင်သူတွေတွေ့ဆုံပြီး ညှိနှိုင်းမှုတွေလုပ်ပေမယ့် ဘာမှမလုပ်ပေးဘူး။ အုပ်ချုပ်ရေးမှူးကလည်း ဘာမှမပြောပေးဘူး။ ကိုယ်ကျိုးအတွက် အဲဒီလမ်းကိုရွှေတူးဖော်လိုက်တဲ့ကိစ္စကိုတောင်သူတွေ အားလုံး အကျိုးအတွက် အမြန်ဆုံးဖြေရှင်းပေးပါလို့ပြောချင်ပါတယ်"ဟု ဦးနော်တောင်က ပြောသည်။

အများသုံးလမ်းကို ဖျက်ဆီးပေးလိုက်သည့်အတွက် အမြန်ဆုံးဖြေရှင်းပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးခြင်းမရှိဟုဆိုသည်။

အကျယ်ပေ ၁၀၀ ခန့်ရှိသည့် ထိုလမ်းကို ရွှေတူးဖော်သူများ စတင်တူးဖော်စပေ ၆၀ ခန့်ကျန်ချိန်က လမ်းကိုဆက်လက် မတူးဖော်ရန်တားမြစ်ခဲ့ကြသော်လည်း လွန်ခဲ့သည့်နှစ်ပတ်ခန့်က ပြန်လည်ဝင်ရောက် တူးဖော်လိုက်သည့်အတွက် လုံးဝပျက်ဆီးသည့်အဆင့်ထိ ရောက်ရှိသွားကြောင်း တောင်သူများက ပြောသည်။

"တခြားလမ်းမရှိတော့ အမိကအဲဒီလမ်းကိုပဲ လွန်ခဲ့တဲ့နှစ် ၂၀ ကတည်းကသွားလာနေခဲ့တာပါ။ လမ်းကိုတော့ ချန်ထားပေးကြပါလို့ ပြောတာမရဘူး။ အားလုံးတူးလိုက်ကြပြီ။ လမ်းသစ်ကိုဖောက်ပေးကြပါလို့ တောင်းဆိုလိုပါတယ်။ အဲဒီလမ်းကို အသုံးပြုပြီးနောက်နှစ်အတွက် စပါးလုပ်နေတာဟုတ်တယ်။ အခုကအဲဒီလမ်း ရွှေတူးဖျက်ဆီးပေးလိုက်တော့ ခြေလျင်ပဲသွားနေရတယ်။ အရမ်းအခက်ခဲ ဖြစ်နေရတဲ့အတွက် သက်ဆိုင်ရာကနေအမြန်ဆုံး ကူညီပေးကြပါလို့ အကူအညီတောင်းချင်ပါတယ်"ဟု ဒေသခံတောင်သူများကိုယ်စား ဦးနော်တောင်က ပြောသည်။

ယင်းတောင်သူများအနက်မှ တောင်သူ ၄၀ ခန့်သည် တရားဝင်အမည်ပေါက်မြေစာရှိသော လယ်မြေများတွင် လုပ်ကိုင်နေကြသူများဖြစ်ပြီး လယ်ယာလုပ်ငန်းကို အမှီသဟဲပြုနေကြသည့် တောင်သူများဖြစ်သည့်အတွက် ယခုနှစ်လယ်စိုက်ပျိုးချိန်အမီ ဖောက်လုပ်ပေးရန် တောင်းဆိုနေကြခြင်း ဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ငှက်ပျောစိုက်ကုမ္ပဏီကို ဒေသခံများဝိုင်းဝန်းမောင်းထုတ်

ဝိုင်းမော်၊ ဇွန် ၂၆

ဝိုင်းမော်မြို့၊ အောင်မြေ ၁ ကျေးရွာရှိ ပတ်ဝန်းကျင်၌ လာရောက်ငှက်ပျောစိုက်ပျိုးနေသည့် ကုမ္ပဏီကို ဒေသခံတောင်သူများက ဇွန်လ ၂၁ ရက်တွင် သွားရောက်မောင်းထုတ်ခဲ့ကြောင်း သိရသည်။

ထို တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးခင်းသည် ကျေးရွာနှင့် ငါးမိုင်ခန့်အကွာတွင်ရှိပြီး တောင်သူများကို အသိမပေးဘဲ ဝင်ရောက်လုပ်ကိုင်နေကြသဖြင့် မောင်းထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လျော်ကြေးအနေဖြင့် တောင်သူများလက်မခံနိုင်သည့် ပမာဏကိုပေးသွားခဲ့ကြောင်းလည်း သိရသည်။

"သူတို့က တောင်သူတွေရဲ့မြေကို လက်ဝါးကြီးအုပ်တဲ့စနစ်နဲ့ လုပ်သွားကြတယ်။ လျော်ကြေးကို အုပ်ချုပ်ရေးမှူးရုံးမှာခေါ်ပြီး ယူချင်ယူ မယူချင်လည်းရှုံးဆိုတဲ့ပုံစံနဲ့ လာပေးသွားကြတယ်။ တချို့က ယူလိုက်ကြပြီး တချို့က မယူခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် တောင်သူတွေကတော့ မြေကိုပဲပြန်လိုချင်တယ်"ဟု တောင်သူဦးကျန်ဆားက ပြောသည်။

ထိုဒေသတွင် ယခုနှစ် နှစ်စပိုင်းမှ စတင်ဝင်ရောက်ကာ စိုက်ပျိုးလာခြင်းဖြစ်ပြီး ၎င်းတို့စတင်စိုက်ပျိုးချိန်က ဒေသခံများက အုပ်ချုပ်ရေးမှူးရုံးတွင် စာတင်ကာ ဖြေရှင်းမှုပြုလုပ်ခဲ့ရာ စိုက်ပျိုးမှုကို ရပ်တန့်ပေးသွားမည်ဟု ပြောဆိုပြီး ခေတ္တရပ်တန့်ခဲ့သော်လည်း ဇွန်လ ၁၈ ရက်နေ့ကစပြီး ပြန်လည် ထွန်ယက်စိုက်ပျိုးမှုပြုလုပ်လာကြောင်း သိရသည်။

ထိုသို့ပြန်လည်စိုက်ပျိုးမှုကို ဆက်လက်မဆောင်ရွက်ရန် တောင်သူများက တားမြစ်ခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ ၂၀ ရက်နေ့တွင် ပျိုးပင်များကို မြေချစိုက်ပျိုးမှုများပြုလုပ်ခဲ့သဖြင့် နောက်တစ်ရက်တွင် ဒေသခံတောင်သူများစုပေါင်းကာ သွားရောက်မောင်းထုတ်ခဲ့ကြကြောင်း သိရသည်။

"နိုင်ငံရေး အခြေအနေကြောင့် မစိုက်ပဲထားထားတာကို သူတို့က ဝင်လုပ်လာတာဟုတ်တယ်။ ကျွန်တော်တို့က မနားလို့လည်းမရဘူးလေ။ လုပ်နေတဲ့ တောင်သူတွေကို စုဆောင်းရေးခေါ်သွားတော့ ကြောက်လို့မဖြစ်မနေနားထားခဲ့ရတာပါ။ အဲဒါကို အခွင့်ကောင်းယူပြီး သူတို့ကဝင်လုပ်ကြတာ"ဟု တောင်သူ ဦးကျန်ဆားက ပြောသည်။

ဒေသခံတောင်သူများအနေဖြင့် တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်းကုမ္ပဏီမှပေးသည့် နစ်နာကြေး၊ လျော်ကြေးများကိုမလိုမရှိကြောင်း၊ ထိုမြေများကို တောင်သူများအားပြန်လည်ပေးအပ်ပြီး စိုက်ခင်းများ ဖျက်သိမ်းကာ ထွက်သွားရန်သာ အလိုရှိကြောင်း တောင်သူများက တောင်းဆိုကြသည်။

ထိုမြေယာများမှာ တောင်သူများပိုင်ဆိုင်ကြောင်း မြေစာရရှိထားခြင်း မရှိသော်လည်း ငှက်ပျောစိုက်သူတို့ ခုတ်ထွင်ရှင်းလင်းလိုက်သည့် ဝါးရုံပင်များ၊ ကျွန်းသစ်နှင့် အခြားသစ်မာများ နှစ်ရှည်သီးနှံပင်များမှာ တောင်သူများ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလာသည့် အပင်များဖြစ်သည်ဟု ဆိုသည်။



"တောင်သူတွေရဲ့ မိသားစုစားဝတ်နေရေးက အဲဒီကပဲရတာ၊ အခုသူတို့ အဲဒီလို့ခုတ်ထွင်ရှင်းလင်းလိုက်တော့ တောင်သူတွေရဲ့ မိသားစုဘဝက ဘယ်လိုရှင်သန်ရပ်တည်ရမလဲဆိုတာ စဉ်းစားစရာဖြစ်သွားပါတယ်။ တကယ် ကျွန်တော်တို့ တောင်သူတွေရဲ့ဘဝက အဲဒီမြေကပဲဆုံးဖြတ်ပေးတာဖြစ်ပါတယ်"ဟု တောင်သူ ဦးကျန်ဆားကပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ လယ်ယာမြေ၊ ကိုင်း၊ သစ်တောကြိုးဝိုင်းနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်တွင် တရုတ်တစ်သျှူးငှက်ပျောခင်းစိုက်ပျိုးရန် မည်သည့်ကုမ္ပဏီကိုမျှ ခွင့်ပြုချက်ပေးမထားကြောင်းနှင့် စိုက်ပျိုးထားရှိပြီးငှက်ပျောခင်းများကို ကန့်သတ်လိုက်ပြီဖြစ်ကြောင်း၊ ငှက်ပျောစိုက်ခင်းကို ထပ်မံတိုးချဲ့ စိုက်ပျိုးခွင့်မပြုတော့ကြောင်း ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ရန်ကုန်မြို့တွင် ဇွန်လ ၂၄ ရက်ကကျင်းပသည့် အင်န်အယ်ဒီပါတီညီလာခံအပြီးတွင် သတင်းမီဒီယာများကို ပြောဆိုထားသည်။

မွန်းမွန်းပန်

# မြစ်ကြီးနားတွင် မူးယစ်ဆေးဝါးအန္တရာယ် လူထုအမြင်ဖွင့်ဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား၊ ဇွန် ၂၆

မူးယစ်ဆေးဝါးဆိုင်ရာအန္တရာယ်လျော့ကျရေးအတွက်လူထုအမြင်ဖွင့်ဆွေးနွေးပွဲကို ဇွန်လ ၂၂ ရက် နှင့် ၂၃ ရက်နေ့တို့တွင် မြစ်ကြီးနားမြို့ မနောကွင်းရှိ မဂ္ဂယ်ခန်းမတွင် ပြုလုပ်ခဲ့သည်။




အဆိုပါ ဆွေးနွေးပွဲအစီအစဉ်ကို မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းအစီအစဉ်တွင် ကျွမ်းကျင်ပညာရှင်များမှ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ခံစားချက်အတွေ့အကြုံများအပေါ် အခြေခံ၍ ရေးဆွဲထားသော အနုပညာပြခန်း၊ လက်မှုပစ္စည်းအရောင်းပြခန်းနှင့် ဘာသာရေးအရသက်သေခံခြင်း၊တေးဂီတအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့ကြသည်။အခမ်းအနားပြုလုပ်ရခြင်းသည် မူးယစ်ဆေးဝါးအန္တရာယ်လျော့ချခြင်းအကြောင်းကို လူထုမှပိုမိုသိရှိ နားလည်စေရန်၊ HIV/AIDS တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာပူးပေါင်းလုပ်ဆောင်နိုင်ရန်နှင့် လူထုမှ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ပိုမိုသိရှိပြီး ခွဲခြားဆက်ဆံခြင်းနှင့်ပြစ်တင်ရှုံ့ချခြင်းတို့ လျော့ကျကာ ဆေးဝါးကုသမှု အလွယ်တကူလက်လှမ်းမီရန် အဓိကရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

မြစ်ကြီးနားတက္ကသိုလ်ဇရိယာအတွင်းတွင် မူးယစ်ဆေးဝါး သုံးစွဲမှုများပြားခဲ့ခြင်းနှင့် ပတ်သက်သည့် အခြေအနေများကိုလည်း မြစ်ကြီးနားတက္ကသိုလ်သမိုင်းဌာနမှ ဆရာမ ဒေါက်တာမီနော့ရွှယ်နောင်က ဆွေးနွေးခဲ့သည်။

ယခင်က ရပ်ကွက်နေပြည်သူများ ဖြတ်လမ်းအဖြစ်အသုံးပြုရန် ဝင်ပေါက်လေးခုလုံးကို ဖွင့်ပေးခဲ့သဖြင့် ကျောင်းသားမဟုတ်သူများလည်း ဝင်ထွက်ရာမှ တက္ကသိုလ်ထဲတွင် မူးယစ်ဆေးလာရောက်သုံးစွဲသူ များပြားခဲ့ရကြောင်း၊ ယခုအခါတွင် ကော်မတီများကလိုက်လံစစ်ဆေးမှုများပြုနေသဖြင့် ပြင်ပဝင်ရောက်မှုနည်းပါးလာသည်နှင့်အမျှ သုံးစွဲသူလည်း မရှိသလောက်နည်းပါးသွားပြီဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

“တက္ကသိုလ်ရဲ့ ဝင်ပေါက်လေးပေါက်ကို သုံးပေါက် ပိတ်လိုက်ပါတယ်။ တစ်ပေါက်ပဲဖွင့်ထားပြီးတော့ ကော်မတီအလိုက်လိုက်ပြီး စစ်ဆေးတယ်။ ပြီးတော့ ပြင်ပလူတွေ ဝင်လာမှုလုံးဝမရှိစေရန်အတွက် ဖြတ်သန်း သွားလာခွင့်မပေးတော့ပါဘူး။ ပြည်နယ်အစိုးရနဲ့ ပြုလုပ်တာဖြစ်တယ်”ဟု ဆရာမ ဒေါက်တာ မီနော့ရွှယ်နောင်က ထပ်လောင်းပြောဆိုခဲ့သည်။

ပြီးခဲ့သည့် အစိုးရသက်တမ်းက ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုများကို အရှိန်အဟုန်မြှင့်ပြီးမှ ပြစ်ဒဏ်ပေးရန်၊ ပြန်လည်ထူထောင်ရေး စွမ်းအားမြှင့်ပြီး ဆောင်ရွက်ရန်၊ ဆေးဝါးကုသသူများကို အပြစ်ပေးအရေးမယူဘဲ လူကောင်းသူကောင်းဘဝ ပြန်ရောက်ရန်အတွက် အဆိုတင်ခဲ့သူ တရားလွှတ်တော်ရှေ့နေဒေါ်ဒွဲဘူလည်းပါဝင်ဆွေးနွေးခဲ့သည်။

“၂၀၁၈ ခုနှစ်ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာမှ ဒီဥပဒေကို အတည်ပြုခဲ့ပါတယ်။ ကြားကာလမှာ ကျွန်မတို့ ဒီဟာကို ပြုပြင်ပြောင်းလဲဖို့အတွက် ပြင်ဆင်တာကို ၆ နှစ်လောက်ကြာခဲ့ပါတယ်။ လက်ရှိမှာတော့ ယခင်က သုံးစွဲသူတွေကို ထောင်ချတာကို မချတော့ဘူး။ လူမှုရေးပြစ်ဒဏ်အနေနဲ့ ပြင်ဆင်ခဲ့ပါတယ်”ဟု ဒေါ်ဒွဲဘူက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲအစီအစဉ်တွင် ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကချင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များတက်ရောက် ဆွေးနွေးမှုများ ပြုခဲ့ကြသည်။

salai

# ကချင်ပြည်နယ်တွင် တစ်ရက်လျှင် လူခြောက်ယောက်နှုန်းခန့် မူးယစ်မှုဖြင့် ဖမ်းဆီးခဲ့

မြစ်ကြီးနား၊ ဇွန် ၂၆

ကချင်ပြည်နယ်တွင် ယခုနှစ် မေလကုန်အထိ မူးယစ်ဆေးဝါးမှု ၆၇၃ မှုမှ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သူတရားခံ ၉၅၁ ဦးဖမ်းဆီးရမိကာ ငွေကျပ် ၇၇၇၂ သိန်းကျော်တန်ဖိုးရှိမူးယစ်ဆေးဝါးများကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာမူး ယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနားမှ သိရသည်။

ဇွန်လ ၂၆ ရက်က မြစ်ကြီးနားမြို့တော်ခန်းမတွင် ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပခဲ့သည့် ၃၁ ကြိမ်မြောက် ကမ္ဘာ့မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှ သိရခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် မူးယစ်ဆေးဝါးမှု ၁၈၀၄ မှုမှ တရားခံစုစုပေါင်း ၂၄၀၇ ဦးဖမ်းဆီးရမိကာ ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၈၅၂၁၆ ကျော်ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အပြင်တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့များက ပြည်သူလူထုနှင့် ပူးပေါင်းပြီး ၂၀၁၇ -၂၀၁၈ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်းစုစုပေါင်း ၁၆၀ ဒသမ ၇၂ ဧကကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် တနိုင်ငံလုံးတွင် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးများကို ဇွန်လ ၂၆ ရက်က မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီးမြို့များတွင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေနှင့် ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့် လူသားမျိုးနွယ်တစ်ရပ်လုံး ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာဖြစ်သည့်အပြင် နိုင်ငံတကာကို အန္တရာယ်ပြုခြောက်လှန့်နေသည့်အတွက် ယင်းပြဿနာကို ဆန့်ကျင်ရှောင်ရှားနိုင်ရန် လူထုလှုပ်ရှားမှုပုံစံဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ အခမ်းအနားများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအထိမ်းအမှတ်နေ့တွင် ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ခွဲပြီးကျင်းပခဲ့ရာ ကာတွန်း၊ ပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၇ ခုနှစ်ဇွန်လ ၂၆ ရက်မှ ၂၀၁၈ ခုနှစ်ဇွန်လ ၂၆ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးအများဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်သည့် ရဲတပ်ဖွဲ့ဝင် ၁၄ ဦးတို့ကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းအား အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူအများပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်းပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နယ်လုံဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က ပြောသည်။

မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဇွန်လ ၂၆ ရက်နေ့ကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပခဲ့ကာ ယင်းနေ့ကို အလေးထားပြီး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရန်အတွက် ၁၉၉၈ ခုနှစ်မှစပြီး ပြိုင်ပွဲများကိုလည်း ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။

မွန်းမွန်းပန်

# ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖမ်းဆီးခဲ့သော ဘိန်းဖြူဆပ်ပြာခွက် ခြောက်ရာကျော်နှင့် ဆေးပြားအလုံး သုံးသိန်းကျော်ကို လက်ခံမည့် ဟိုပင်မြို့မှအမျိုးသမီးတစ်ဦးကို ရှမ်းပြည်ရဲက လာရောက်ဖမ်းဆီး

မိုးညှင်း၊ ဇွန် ၂၁

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘိန်းဖြူဆပ်ပြာခွက် ခြောက်ရာကျော်နှင့် စိတ်ကြွဆေးပြား သုံးသိန်းကျော်ကိုကားဖြင့် သယ်ယူလာသူအား ဇွန်လ ၂၁ ရက်နေ့က ဖမ်းဆီးမိခဲ့ရာ ထိုမူးယစ်ဆေးဝါးများသည် မိုးညှင်းမြို့နယ် ဟိုပင်မြို့မှ ဒေါ်နှင်းရီဆိုသူထံပို့မည့် ပစ္စည်းများဖြစ်ကြောင်း အစစ်ခံထွက်ဆိုခဲ့သဖြင့် နောင်ချိုရဲစခန်းမှ ဇွန်လ ၂၂ ရက်တွင် လာရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းဖြစ်သူ ခင်မောင်သိန်း(ခ)မောကြီးမောင်းနှင်လာသော MDY GG/7549 Wingroad အမျိုးအစားခရီးသည်တင် မော်တော်ယာဉ်ကို နောင်ချိုမြို့အဝင် အေးရှားဝေါတိုးဂိတ်အနီးတွင် ဖမ်းဆီးမိခဲ့ခြင်းဖြစ်ပြီး ပို့ဆောင်မည့်နေရာကို ရှာဖွေစုံစမ်းခဲ့ရာမိုးညှင်းမြို့နယ် ဟိုပင်မြို့ မြကျွန်းသာရပ်ကွက်နေ အသက် ၄၂ နှစ်ရှိဒေါ်နှင်းရီဆိုသူကိုထပ်မံဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးရေးအဖွဲ့က နောင်ချိုမြို့အဝင် မန္တလေးတိုင်းမြစ်ငယ်မြို့ အောင်ချမ်းသာရပ်ကွက်နေ အသက် ၅၁ နှစ်ရှိမြင့်သူဆိုသူနှင့် မိုးညှင်းမြို့နယ် ဘီလူးမြို့အုပ်စုသာယာကုန်းကျေးရွာနေအသက် ၃၈ နှစ်ရှိ မအေးဆိုင်မွန်း(ခ)သီရိခိုင်တို့နှစ်ဦးပိုင်ဆိုင်သော ခရီးသည်တင်ကား အမိုးပေါ်ရှိပစ္စည်းများကို စစ်ဆေးကြည့်ရာမှ ပလတ်စတစ်ကော်ပုံးအတွင်းမှ အဝါရောင်တိတ်/ အနက်ရောင်ကျွတ်ကျွတ်အိတ်ဖြင့် ပတ်ထားသော ဘိန်းဖြူဆပ်ပြာခွက်(တစ်ခွက်လျှင် ၁၁ ဂရမ်ပါ) စုစုပေါင်း ၆၆၀ ခွက်၊ (၇ဒသမ၂၆) ကီလိုခန့်နှင့် ၈၈/၁ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားအပြားရေ သုံးသိန်းခုနှစ်သောင်း အလေးချိန် ၃၄ ဒသမ ၀၂ ကီလိုခန့်တို့ကို တွေ့ရှိဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# တန်ဖရဲရောက် စစ်ရှောင်ကျောင်းသားများ ကျောင်းဆောင် မလုံလောက်

မြစ်ကြီးနား၊ ဇွန် ၂၃

ကျောင်းဖွင့်ချိန် တစ်လနီးပါးရောက်လာသော်လည်း မြစ်ကြီးနားမြို့နယ် တန်ဖရဲကက်သလစ်ဘုရားကျောင်းတွင် ခိုလှုံနေသည့် စစ်ရှောင်ကျောင်းသားများ ကျောင်းတက်ရေးအတွက် ခက်ခဲနေသေးသည်ဟု စခန်းတာဝန်ခံက ပြောသည်။

ထိုစစ်ရှောင်စခန်းတွင် သင်ကြားပေးမည့် ဆရာမများ ရှိနေသော်လည်း စာသင်ဆောင်မရှိ၍ စာသင်ကြားရန် ခက်ခဲနေရခြင်း ဖြစ်သည်။

“အခုထိကို စာသင်ဆောင်လည်း မဆောက်ရသေးဘူး။ ကျွန်တော်တို့ကိုတော့ ကျောင်းဆောက်ဖို့ ရှင်းခိုင်းထားပြီး အခုကျတော့ ရှင်းပြီးကတည်းကနေ အခုထိဒီအတိုင်းပဲ။ ဘာတစ်ခုမှလည်း လာမဆောက်ပေးသေးဘူး။ စခန်းထဲက ကလေးတွေက နေရာခွဲပြီးစာသင်နေရတယ်။ ဆရာမတွေကလည်း နည်းနေသေးတယ်” ဟု စခန်းယာယီတာဝန်ခံ ဦးတန်ဂွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လတ်တလောတွင် အထက်တန်းအဆင့် ကျောင်းသူကျောင်းသားများကို အောင်မြင်သာအထက်တန်း (ခွဲ) ကျောင်းတွင် အပ်နှံထားပြီး မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသူကျောင်းသားများကို စခန်းတွင်သာ ယာယီကျောင်းဖွင့်လှစ် သင်ကြားနေကြောင်း၊ ထိုကျောင်းသားများအတွက် စာသင်ဆောင်လုံလောက်မှုမရှိ၍ မူလတန်းကျောင်းသားများကို မနက် ၉ နာရီမှ ၁၂ နာရီအထိတစ်ချိန်၊ အလယ်တန်းကျောင်းသားများကို နေ့လည် ၁ နာရီမှ ၃ နာရီခွဲအထိတစ်ချိန်ခွဲကာ သင်ကြားနေရကြောင်း သိရသည်။

ပြည်နယ်ပညာရေးမှူးရုံး အနေနှင့်မူ ထိုကျေးရွာတွင် တရားဝင်ကျောင်းဆောင် ဆောက်လုပ်ပေးရန် မဖြစ်နိုင်သေးကြောင်း၊ ယာယီကျောင်းဆောင် ဆောက်လုပ်ရန်မှာလည်း ပညာရေးဌာနတစ်ခုတည်း၏ အင်အားဖြင့် မလွယ်ကူကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောပြသည်။

“ဘာဖြစ်လို့လဲဆိုတော့ အဲဒီရွာက ရွာပျက်ဖြစ်နေတဲ့အပြင် ဌာနကပိုင်တဲ့မြေတစ်ခုမှ မရှိဘူး။ ကျောင်းဆောက်ဖို့ ဆရာတို့ဌာနအနေနဲ့က ဘတ်ဂျက်အပိုင်းမှာ ခက်ခဲတယ်။ ဆရာအမြင်ကတော့ ဒီနေရာ ယာယီကျောင်းဆောက်ဖို့က ပြည်နယ်အစိုးရတို့နဲ့ပဲ ဆိုင်မယ်။ အဓိကပြဿနာက စပွန်ဆာပိုင်းပဲ။ ပြည်နယ်အစိုးရကလည်း စစ်ရှောင်စခန်းတွေကို သွားတော့သွားတွေ့နေတယ်။ သွားတွေ့တိုင်းလည်း ဆီ၊ ဆား၊ ဆန်အိတ်တွေပဲ ပေးနေတယ်။ ကျောင်းဆောက်ဖို့က ဆရာတို့ ဌာနတစ်ခုအနေနဲ့ကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး”ဟု ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက ပြောသည်။



မြစ်ဆုံတန်ဖဲ စစ်ရှောင်စခန်းမှ ယာယီကျောင်းဆောင် ဓာတ်ပုံ - ဆိုင်းလတ်အောင်

၂၀၁၈ ခုနှစ် မေလ ၁၅ ရက်က ပြည်နယ်ပညာရေးမှူးရုံးမှ ကောက်ယူထားသော စာရင်းဇယားများအရ မြစ်ကြီးနားမြို့နယ်ရှိ ကောင်းကင်ဘုံဘုရင်မကက်သလစ်စစ်ရှောင်စခန်းမှ မူကြိုမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းတက်ရမည့် စစ်ရှောင်ကျောင်းသူကျောင်းသားဦးရေ ၇၂၈ ဦးရှိကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)

# ကချင်ပြည်နယ် မြို့နယ် ၁၅ ခုတွင် ကျောင်းဆရာအင်အား ဖြည့်တင်း

မြစ်ကြီးနား၊ ဇွန် ၂၆

ကချင်ပြည်နယ်အတွင်းလိုအပ်နေသောကျောင်းများတွင် တာဝန်ထမ်းဆောင်ရန် အထက်တန်းပြနှင့် မူလတန်းပြဆရာ၊ ဆရာမများကို ထပ်မံခန့်အပ်ခဲ့ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။ အထက်တန်းပြဆရာဆရာမ ၃၄ ဦးနှင့် မူလတန်းပြဆရာဆရာမ ၅၄၃ ဦးကို ဇွန်လ ၂၁ ရက်က ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်းပြည်နယ်ပညာရေးမှူးရုံး စာရင်းဇယားများအရ သိရသည်။

ထိုသို့ အသစ်ထပ်မံခန့်အပ်လိုက်သည့် ဆရာဆရာမများထဲတွင် DTED သင်တန်းအမှတ်စဉ် ၂၀ / ၂၀၁၅ သင်တန်းဆင်းများ၊ PPTT အမှတ်စဉ် ၄/ ၂၀၁၇ သင်တန်းဆင်းများနှင့် B.Ed အမှတ်စဉ် ၂၀ သင်တန်းဆင်းများ ပါဝင်သည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အခုပြည်နယ်အတွင်းမှာ အထူးသဖြင့် မူလတန်းပြဆရာဆရာမတွေတော့ လောက်ပြီ။ သူတို့တွေအကုန်လုံးနီးပါး တာဝန်ကျတဲ့နေရာတွေဆီ သွားကြမှာပါ။ မသွားတဲ့ဆရာဆရာမက သုံးလေးဦးတော့ရှိလိမ့်မယ်။ သူတို့ကိုခန့်လိုက်ပြီ။ နယ်ဝေးတွေ အထိခန့်ထားတယ်။ တာဝန်ခန့်တာနဲ့ သူတို့တန်းဝင်ဖို့က နည်းနည်းတော့ ခက်လိမ့်ဦးမယ်။ ဥပမာ-နောင်မွန်းမြို့နယ်မှာ တာဝန်ကျတဲ့ ဆရာဆရာမတွေတော့ မိုးရာသီကလည်းဖြစ်နေတယ်။ လမ်းခရီးကလည်း ကိုယ့်အစီစဉ်နဲ့ကိုယ်သွားကြရမှာဆိုတော့ ခက်နေပါဦးမယ်။ ဒါကလည်း ကျွန်တော်တို့ဌာနရဲ့ အားနည်းချက်တစ်ခုပါ”ဟု ဦးမင်းဦးက ပြောသည်။

အထက်တန်းပြဆရာဆရာမများကို မြစ်ကြီးနားမြို့နယ်တွင် တစ်ဦး၊ ဝိုင်းမော်တွင် နှစ်ဦး၊ တနိုင်းတွင် ငါးဦး၊ ဆော့လော်တွင် တစ်ဦး၊ အင်ဂျန်းယန်တွင် တစ်ဦး၊ မိုးညှင်းတွင် ငါးဦး၊ မိုးကောင်းတွင် တစ်ဦး၊ ဖားကန့်တွင် လေးဦး၊ ဗန်းမော်တွင် သုံးဦး၊ မိုးမောက်တွင် တစ်ဦး၊ မန်စီတွင် တစ်ဦး၊ ရွှေကူတွင် သုံးဦး၊ ပူတာအိုတွင် သုံးဦး၊ မချမ်းဘောတွင် နှစ်ဦး၊ ခေါင်လန်ဖူးတွင် တစ်ဦး၊ စုစုပေါင်း ၃၄ ဦးခန့်အပ်ခဲ့ပြီး ချီဖွေ၊ နောင်မွန်းနှင့် ဆွမ်ပရာဘွမ်မြို့နယ်များတွင် ခန့်အပ်နိုင်ခြင်းမရှိသေးသည်ကို ပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

မူလတန်းပြဆရာဆရာမများကို မြစ်ကြီးနားမြို့နယ်တွင် ၁၃ဦး၊ ဝိုင်းမော်တွင် ၂၉ဦး၊ တနိုင်းတွင် ၇ ဦး၊ ချီဖွေတွင် ၈၀ ဦး၊ ဆော့လော်တွင် ၄၅ ဦး၊ အင်ဂျန်းယန်တွင် ခြောက်ဦး၊ မိုးညှင်းတွင် ၁၉ ဦး၊ မိုးကောင်းတွင် ၂၆ဦး၊ ဖားကန့်တွင် ၄၄ဦး၊ ဗန်းမော်တွင် ၂၀ ဦး၊ မိုးမောက်တွင် ၃၆ ဦး၊ မန်စီတွင် ၁၈ ဦး၊ ရွှေကူတွင် ၁၇ ဦး၊ ပူတာအိုတွင် ၄၀ ဦး၊ မချမ်းဘောတွင် ၂၁ ဦး၊ နောင်မွန်းတွင် ၃၃ ဦး၊ ခေါင်လန်ဖူးတွင် ၇၂ ဦး၊ ဆွမ်ပရာဘွမ်တွင် ၁၃ ဦး ခန့်အပ်ခဲ့ကြောင်းလည်း သိရသည်။

ဆိုင်း (ကချင်မြေ)




## Masters scholarships at the University of Cape Town

Masters Public Health, Community Eye Healt နှင့် Postgraduate Diploma Community Eye Health ပညာရပ်များကို University of Cape Town, South Africa တွင် သင်ယူနိုင်ရန်ပေးအပ်သော ပညာသင်ဆုများကို ၂၀၁၉ ပညာသင်နှစ်အတွက် လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ 31 July 2018 ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://cehc.lshtm.ac.uk/uct-scholarships/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီးပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Helmut-Schmidt Scholarship Programme 2018

Germany နိုင်ငံရှိ Politic, law, Environment နှင့် Administration ပညာရပ်များကို Master Degree ရယူနိုင်ရန် Deutscher Akademischer Austausdienst German Academic Exchange Service မှ ပေးအပ်သော scholarship ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ July 31st, 2018 ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://mentorks.net/2018/04/27/helmut-schmidt-programme-daad-master-scholarship-germany/ တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အယ်ဒီတာထံပေးစာ

သို့
အယ်ဒီတာခင်ဗျား

ဒူကထောင်ရပ်ကွက် နယ်မြေ ၂၊ ဦးဂျန်မာထွဲဝါနေအိမ်မှ အုတ်တိုင်ကွန်ကရစ်ကျောက်တိုင်လုပ်ငန်းမှ နေ့စဉ် ဘိလပ်မြေဖျော်စက်သံ၊ ကျယ်လောင်စွာ သံများကို ထုခြင်း၊ ကျောက်ခဲအကြီးများ ပစ်ချခြင်း စသည်ဖြင့် မိမိဘေးအိမ်များအားလုံး နေ့စဉ်နှင့်အမျှ နားကန်းမတတ် ကြားနေရသည်မှာ ၇ နှစ်ခန့် ရှိခဲ့ပါပြီ။ နေမကောင်း မကျန်းမာချိန်များတွင်လည်း ဆူညံသံဖြင့် ခေါင်းအုံခေါင်းကိုက်ခြင်းများစွာဖြင့် နေထိုင်ခဲ့ရပါသည်။ ပတ်ဝန်းကျင် ၇ အိမ်မှ လုပ်ငန်းအား လူနေရပ်ကွက်မှ ရပ်ပေးပါရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ လက်မှတ်နှင့်တိုင်ကြားထားပြီးပါပြီ။ သို့သော်လည်း လူကြီးများပြောချိန် ၅ ရက်ခန့်သာ ရပ်နားဟန်ဆောင်ပြီး ဆက်လက်ဆူညံစွာ လုပ်ဆောင်နေဆဲ ဖြစ်ပါသည်။ ဆုတောင်းချိန်များတွင်လည်း အေးဆေးစကားမပြောရ၊ နေ့ခင်း တစ်ရေးတမောအိပ်ချိန်လည်း စက်သံများဖြင့် လူမှုရေး စိတ်ပိုင်းဆိုင်ရာ အကြားအာရုံကြောဆိုင်ရာများဖြင့် စိတ်မကျန်းမာ ကိုယ်မကျန်းမာ ရှိနေပါသောကြောင့် သက်ဆိုင်ရာအသီးသီးမှ မည်သို့ကူညီဆက်လက်လမ်းညွှန်ပေးပါရန် တင်ပြအပ်ပါသည်။



# ဝမ်းစာအတွက် ဂုဏ်သိက္ခာကို စတေးလိုက်ရသော ညနေခင်းများ

**နိဒါန်း**

ကိုးရီးယားဟာ တစ်ချိန်တစ်ခါတုန်းကတော့ သားသမီးများက အသက်အရွယ်ကြီးရင့်တဲ့ မိဘကို ပြန်လည်လုပ်ကျွေးမွေးပြုတဲ့ထုံးစံရှိခဲ့တယ်ဆိုတာ အသေအချာပါပဲ။ ဒါပေမယ့် အခုတော့ မဟုတ်တော့ပါဘူး။ နိုင်ငံရဲ့ စီးပွားရေးကို ပြုပြင်ပြောင်းလဲပစ်ဖို့ ကြိုးစားကြတဲ့ လူငယ်တွေဟာ အလုပ်ကိုကြိုးစားလုပ်ဆောင်လာကြတာနဲ့ အမျှ မိဘကိုပြန်လုပ်ကျွေးဖို့ အချိန်ပေးဖို့ဆိုတာ မဖြစ်နိုင်လောက်အောင် ဖြစ်သွားကြပါတယ်။ အကျိုးဆက်ကတော့ အသက်အရွယ်ကြီးရင့်သူတွေဟာ လုပ်ကျွေးပြုစုမယ့်သူ မရှိတော့တာကြောင့် အချို့သော သက်ကြီးအမေအိုတွေဘဝဟာ ဝမ်းရေးအတွက် ဂုဏ်သိက္ခာကို စတေးလိုက်ရတဲ့ သက်ကြီးပြည့်တန်ဆာများဖြစ်လာကြရတော့တာပါပဲ။

**အမေအို Kim Eun-Ja**

Kim Eun-Ja ဟာ ဆိုလ်းမြို့တော်ရဲ့ Jongno-3 မြေအောက်ရထားဘူတာအဆင်းလှေကားမှာထိုင်ပြီး သူ့ရှေ့က ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်နေပါတယ်။ အသက်(၇၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ Kim ဟာ နှုတ်ခမ်းနီစိုစိုဆိုးထားပြီး အနီရောင်တောက်တောက်ကုတ်အင်္ကျီရှည်ကို ဝတ်ထားတယ်။ သူမရဲ့အပြင်အဆင်ဟာ ပါးရေနားရေတွေတွန့်နေပြီဖြစ်တဲ့ သူမအသားအရည်ကို ဆန့်ကျင်လို့ နေပါတယ်။ သူမဘေးမှာတော့ အရွယ်ကြီးကြီး အိတ်တစ်လုံးရှိနေပါတယ်။ Kim ဟာ အေးစက်နေတဲ့ အုတ်လှေကားကနေထပြီး အခြားနေရာတစ်ခုကို ထွက်သွားတဲ့အခါမှာတော့ အိတ်ကြီးထဲက ပုလင်းသံတွေ ထွက်ပေါ်လာပါတယ်။

တကယ်တော့ Kim ဟာ တောင်ကိုးရီးယားကများစွာသော "Bacchus Ladies" များထဲက တစ်ယောက်ပါ။ Bacchus ဆိုတာကတော့ အမျိုးသားများအတွက် အားဖြည့်အချိုရည်တစ်မျိုးဖြစ်ပြီး များသောအားဖြင့် သက်ကြီးအမေအိုများက သူတို့ရဲ့ဖောက်သည်တွေအတွက် Baccus ရောင်းရင်း ငွေရှာကြပါတယ်။ ဒီလိုအမေအိုတွေကို Bacchus Ladies လို့ ခေါ်ကြတာပါ။ သူတို့ဟာ အားဖြည့်အချိုရည်တစ်ခုတည်းကို ရောင်းချနေကြတာတော့ မဟုတ်ပါဘူး။ ဖောက်သည်ရဲ့အလိုကျ အချို့ဟာ ကိုယ်ခန္ဓာကိုယ်ပါ ရောင်းကြပါတယ်။ သူတို့ဟာ ကျွေးမွေးပြုစုမယ့်သူမရှိ၊ ပင်စင်စားသက်ကြီးအဖွားအိုများ ဖြစ်ကြပါတယ်။ သားသမီးများရဲ့ စွန့်ခွာခြင်းကိုခံခဲ့ကြရသူတွေ၊ အသက်အရွယ်နဲ့ မမျှအောင်ဘဲ ဝမ်းရေးအတွက် ရုန်းကန်နေကြရသူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် Kim ကတော့ Bacchus သက်သက်ကို ရောင်းချသူပါ။ တချို့သော အဖိုးအိုများလာပြီး Bacchus ကို သောက်ကြတယ်။ သောက်ပြီး ခပ်ထွေထွေဖြစ်လာရင် အတူအိပ်ဖို့ ပြောကြတယ်၊ ကျွန်မကတော့ အမြဲတမ်း No ပြောလိုက်တယ်"လို့ သူကဆိုပါတယ်။ Kim ဟာ တစ်နေ့ကို ဝမ်ငွေငါးထောင်(ငါးဒေါ်လာ)လောက် ရောင်းရပါတယ်။ ဒါပေမယ့်ရဲတွေက အမြဲစောင့်ကြည့်နေတာကြောင့် ခိုးကြောင်ခိုးဝှက် ရောင်းရတာပါ။ တချို့ Bacchus Ladies တွေဟာ မူးနေတဲ့ဖောက်သည်တွေဆီက ငွေတွေခိုးယူတတ်ကြလို့ပါပဲ။

**ပင်စင်စားတို့ပျော်စံရာ ဆိုးလ်မြို့တော်က Jongmyo ဥယျာဉ်**

Jongmyo ဥယျာဉ်ဟာ ညနေပိုင်းအချိန်တွေဆို သက်ကြီးသူတွေဟာ ကိုးရီးယားကျားကွက်ကစားရင်း၊ အိမ်နီးနားချင်းရဲ့ အတင်းအဖျင်းတွေကိုဝေမျှကြရင်း စုရုံးရောက်ရှိလေ့ရှိတဲ့ နေရာတစ်ခုပါ။ Jongmyo ဥယျာဉ်ဟာ ကိုးရီးယားတွေကို ယဉ်ကျေးမှု၊ အတွေးအခေါ် နယ်ပယ်မှာ ရာစုနှစ်များစွာလွှမ်းမိုးနိုင်ခဲ့တဲ့ ကွန်ဖြူးရှပ်ဗိမာန်အနီးမှာ တည်ရှိပါတယ်။ ဒါပေမယ့် ဥယျာဉ်တွေရဲ့ သစ်ပင်အောက်မှာတော့ လက်ရှိ(၂၁)ရာစုရဲ့ ကိုးရီးယားလူမှုအဖွဲ့အစည်းကို လူအိုများက ပုံဖော်လို့နေပါတယ်။

အသက် ငါးဆယ်၊ ခြောက်ဆယ်၊ အချို့ခုနစ်ဆယ်ကျော်အရွယ်အမျိုးသမီးအရွယ်အိုများဟာ ပန်းခြံထောင့်တွေမှာ ပင်စင်စားအဖိုးအိုများကို အားဖြည့်အချိုရည်လိုက်ရောင်းလို့နေပါတယ်။ အဖိုးအိုများက ပထမအဆင့်အနေနဲ့ Bacchus ဝယ်သောက်ကြတယ်။ ပြီးနောက် အပေးအယူတည့်ကြရင်တော့ အနီးအနားက ဈေးပေါပေါတည်းခိုခန်းမှာ အဆုံးသတ်ကြတော့တာပါပဲ။

"ငါတို့က ယောကျ်ားတွေလေ၊ ဒီတော့ မိန်းမကို အာရုံရှိတယ်"လို့ ဥယျာဉ်ကိုလာလေ့ရှိတဲ့ အသက်(၆၀)အရွယ် အဖိုးတစ်ဦးက ပြောပါတယ်။ "ငါတို့သောက်တယ်၊ ပြီးတော့ အဖွားကြီးတွေလက်ထဲ ငွေအနည်းငယ် ထည့်ပေးလိုက်ရင် အပေးအယူကတည့်ပြီလေ" လို့သူက ဆက်ပြောပြပါတယ်။ ပြီးတော့ သူကဆက်ပြီး "ယောကျ်ားတွေက မိန်းမကို လိုအပ်တယ်၊ အသက်ကြီးတာဖြစ်ဖြစ်၊ ငယ်တာဖြစ်ဖြစ်၊ ဆွဲအားကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ်ပေါ့၊ ဒါက ယောကျ်ားတွေရဲ့ ဆိုက်ကိုပဲလေ"လို့ ပြောပါတယ်။

အသက် (၈၁) နှစ်အရွယ် အဖိုးအိုတစ်ဦးကလည်း ပိုက်ဆံအိတ်ကိုထုတ်ပြပြီး "ဒါက သူငယ်ချင်းတွေနဲ့ သောက်ဖို့ပေါ့၊ ပြီးတော့ လိုချင်ရင် ဟိုမှာရပ်နေတဲ့ အဖွားကြီးတွေကို ရနိုင်တယ်။ သူတို့က သူတို့နဲ့အတူ(လောင်းကစား) ဆော့ဖို့ခေါ်မယ်။ ပြီးတော့ ငါတို့မှာ ပိုက်ဆံမရှိဘူးလို့ ပြောမယ်။ အဲဒီအခါ သူတို့ကို ဝမ်ငွေနှစ်သောင်းကနေ သုံးသောင်းလောက်(ဒေါ်လာ ၂၀-၃၀) ပေးလိုက်ရင် သူတို့နဲ့ ပျော်ပါးနိုင်တယ်လေ။ တစ်ခါတလေတော့ ဈေးလျှော့ပေးပါတယ်၊ ခင်တယ်ဆိုရင်ပေါ့"လို့ ပြောပါတယ်။

**ဖွံ့ဖြိုးတိုးတက်မှုရဲ့ သားကောင်များ**

တကယ်တော့ တောင်ကိုးရီးယားသက်ကြီးသူတွေဟာ တောင်ကိုးရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြီးရဲ့ သားကောင်တွေ ဖြစ်ခဲ့ကြရတာပါ။ သူတို့ရဲ့သားသမီးတွေဟာ တောင်ကိုးရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့သူတို့ရဲ့အချိန်တွေကို လုပ်ငန်းမှာပဲ ကုန်ဆုံးစေလိုက်ကြတယ်။ သူတို့ရဲ့ မိဘတွေကို လှည့်မကြည့်နိုင်၊ လုပ်မကျွေးနိုင်ကြဘူး။ တောင်ကိုးရီးယားနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ သက်ကြီးသူတွေဟာ သူတို့ရဲ့မျိုးဆက်သစ်တွေကို ရင်းနှီးမြှုပ်နှံလိုက်ကြပါတယ်။ ဒီအတွက် ရလဒ်ကတော့ သူတို့ဟာ စားဝတ်နေရေး ခက်ခဲလာကြတော့တယ်။ နေဝင်ချိန်အသက်အရွယ်မှာ သူတို့ရဲ့ဝမ်းစာအတွက် သူတို့ကိုယ်တိုင် ရုန်းကန်လှုပ်ရှားကြရလာပါတော့တယ်။ သူတို့ရရှိလိုက်တာကတော့ သူတို့ကို ပြန်လည်ထောက်ပံ့မှုမပေးနိုင်တဲ့ စီးပွားရေး၊ ပညာရေး အောင်မြင်တဲ့ သားသမီးမြေးမြစ်တွေနဲ့ Jongmyo ဥယျာဉ်ထဲက ဝမ်းစာအတွက် ဂုဏ်သိက္ခာကို စတေးလိုက်ရတဲ့ ညချမ်းတွေပါပဲ။

တောင်ကိုးရီးယားအစိုးရကလည်း ဒီလိုဖြစ်ပေါ်လာမှုတွေအပေါ်မှာ သက်ကြီးသူတွေကို ထောက်ပံ့နိုင်ဖို့ ကြိုးစားလာကြပါတယ်။ ဒါပေမယ့် Jongmyo ဥယျာဉ်ထဲက သက်ကြီးသူတွေဟာ စုငွေမရှိ၊ လုံလောက်ထိရောက်တဲ့ ပင်စင်ငွေမရှိ၊ အားကိုးဖို့ မိသားစုဝင်မရှိနဲ့ သူတို့ဘဝတွေဟာ ကိုယ့်မွေးရပ်မြေမှာ၊ ကိုယ့်သားသမီးတွေကြားမှာ ခိုကိုးရာမဲ့ သူစိမ်းများအဖြစ်နဲ့ ဘဝကိုရုန်းကန်နေကြရပါသေးတယ်။

"ငါတို့ သားမြေးတွေဟာ အရင်မျိုးဆက်တွေထက်ပညာမြင့်မားကြတယ်၊ အတွေ့အကြုံမြင့်မားကြတယ်။ ဒါ့ကြောင့် ငါတို့ပြောတာကို နားမဝင်တော့ဘူး၊ ငါတို့ခေတ်ကတော့ ငါတို့မိဘတွေစကားကို သိပ်ပြီးနားထောင်ခဲ့ကြတာ"လို့ အဖိုးအိုတစ်ဦးက ပြောပါတယ်။ ပြီးတော့သူက "ငါအခု အသက်(၆၀)ကျော်ပြီ။ ငါ့သားသမီးတွေဆီက အထောက်အပံ့ကို မျှော်လင့်လို့ကို မရဘူး။ သူတို့လည်း သူတို့အိုနာစာအတွက် စုနေရတယ်လေ၊ ဒီပန်းခြံမှာရှိတဲ့ အသက်ကြီးသူတွေအားလုံးလည်း ငါ့လိုလူတွေချည်းပဲ"လို့ဆက်ပြောပါတယ်။

Bacchus ရောင်းရင်း ပြည့်တန်ဆာအလုပ်ကိုပါ လုပ်နေတဲ့ အသက်ခြောက်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ အမေအိုတစ်ဦးက "ဒီပန်းခြံမှာ ကျွန်မလို အမျိုးသမီးအရွယ်အို (၄၀၀) လောက်ရှိပါတယ်။ အမေတိုင်းကတော့ သူတို့ရဲ့ သားသမီးတွေက သူတို့ကိုလေးစားတာ၊ ကြည်ညိုတာကို လိုချင်မိမှာပဲလေ။ ဒါပေမယ့်ကျွန်မဗိုက်ဆာတယ်၊ ကျွန်မအတွက် လေးစားမှု၊ ဂုဏ်ကျက်သရေတွေ မလိုဘူး၊ ကျွန်မအတွက် တစ်နေ့အတွက် ထမင်းသုံးနပ်စာပဲလိုတယ်။ ဒီအတွက် ကျွန်မ ဒီအလုပ်ကို လုပ်နေရတယ်"လို့ ပြောပါတယ်။

Jongmyo ဥယျာဉ်ရဲ့ နောက်ဆက်တွဲကတော့ ကူးစက်ရောဂါများပဲ ဖြစ်ပါတယ်။ လိင်ပညာပေးကလည်း လူငယ်တွေကိုပဲ ဦးစားပေးလုပ်ဆောင်ကြတဲ့အခါ Jongmyo ဥယျာဉ်မှာ ပျော်မြူးကြတဲ့ သက်ကြီးသူတွေဟာ လိင်ဆိုင်ရာအသိကင်းမဲ့ကြပြီး လိင်ဆက်ဆံရာကတစ်ဆင့် အနာရောဂါရလာတဲ့အခါလည်း ဆေးရုံဆေးခန်းကိုမသွားကြပဲ Bacchus Ladies တွေဆီကိုပဲသွားပြီး ဆေးထိုးမှုခံယူကြပါတယ်။ ဒီအတွက် Bacchus Ladies တွေအနေနဲ့ အပိုဝင်ငွေ ရရှိကြပြန်တယ်လေ။

**နိဂုံး**

တောင်ကိုးရီးယားနိုင်ငံဟာ ဖွံ့ဖြိုးတက်တက်နေပြီဖြစ်တဲ့နိုင်ငံကြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ နောက်ကွယ်ကန့်လန့်ကာက သားကောင်ဖြစ်ခဲ့ရသူများကတော့ သက်ကြီးရွယ်အိုများ၊ ဖိုက်စတားဟိုတယ်တွေရဲ့ အရိပ်မည်းအောက် ဈေးပေါပေါ တည်းခိုခန်းရဲ့ အခန်းကျဉ်းလေးထဲက ဝမ်းစာအတွက် ဂုဏ်သိက္ခာကို စတေးလိုက်ကြရတဲ့ အမေအိုများ၊ သားသမီး၊ မြေးမြစ်များရှိပါလျက်နဲ့သူစိမ်းဖြစ်သွားကြရတဲ့၊ ခိုကိုးရာမဲ့ သက်ကြီးသူများ ဖြစ်ပါတယ်။ သူတို့ရဲ့သားသမီးများကတော့ ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးမှာ ခေတ်ပေါ်အီလက်ထရောနစ်ပစ္စည်းတွေနဲ့ ခေတ်ပေါ် အသုံးအဆောင်တွေကို သူများနည်းတူအသုံးပြုနိုင်ဖို့၊ လူတန်းစေ့နေနိုင်ဖို့နဲ့ အိုနာစာဖူလုံဖို့ နေ့စဉ်နဲ့အမျှ အလုပ်ကို ကြိုးစားလုပ်ကိုင်ရင်းမိဘ၊ဘိုးဘွားများနဲ့ဝေးသထက်ဝေးလာနေဆဲ ဖြစ်နေမြဲပါ။

**ရှိုင်းဂျော်(MICT)**

The Korean grandmothers who sell sex, By Lucy Williamson (BBC News, Seoul) ကို ဘာသာပြန်သည်။

# မူးယစ်ဆေးဝါးရောင်းချမှုနှင့်ပတ်သက်၍ အထူးသတင်းပေး တိုင်ကြားနိုင်ပြီ

နိုင်ငံတော်သမ္မတရုံး
PRESIDENT OFFICE
မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန

"လုံခြုံစိတ်ချ - သတင်းပေးကြ"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် "**မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန**"ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့် တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇- ၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇- ၅၉၀၂၃၃ |
| အီးမေးလ် လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

**မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ရေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်**

၁။ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်မည်။

၂။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအပြင် ပုဂ္ဂလိကမီဒီယာများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်။

၃။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန် ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်မည်။

၄။ စာသင်ကျောင်းများအနီး၊ လူငယ်များအနီးတွင် မူးယစ်ဆေးကင်းစင်ရန် **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ** သည် ကျောင်းသား၊ မိဘ၊ ဆရာများအပြင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် အောက်ခြေအထိ ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များ၏ ဖွဲ့စည်းဆောင်ရွက်မှု၊ အားသာချက်၊ အားနည်းချက်၊ ထိရောက်မှုနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး **ပိုမိုထိရောက်၊ ခိုင်မာသည့် အပြောင်းအလဲများ** ဆောင်ရွက်မည်။

၆။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆက်စပ်ပြီး **တိုင်းရင်းသားဒေသများ** တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ဒေသဖွံ့ဖြိုးရေးနှင့် တရားဝင်စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ မူးယစ်ဆေးဝါး ထုတ်လုပ်မှု ၊ ရောင်းဝယ်ဖောက်ကားမှုများကို လုံခြုံစွာသတင်းပေးတိုင်ကြားနိုင်မည့် "**မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန**" ကို နိုင်ငံတော်သမ္မတရုံးတွင်ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာများကို အမြန်ဆုံး ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တိုင်ကြားသူများ၏ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံမှုအဆင့်အတန်း သတ်မှတ်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်း ချမှတ်ပေးထားပြီးဖြစ်သည်။

၈။ ပေဟိုအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲကြပ်မတ်မှုအောက်တွင် "**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့**" ကို သီးခြားဖွဲ့စည်းထားရှိပြီးဖြစ်ကာ သတင်းပေးတိုင်ကြားချက်များကို အခြေခံပြီး အထူးအဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ပြီး အမိန့်ပေးကွပ်ကဲမှုလမ်းကြောင်း အတိုဆုံးဖြစ်အောင် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။

၉။ မူးယစ်ဆေး ရောင်းဝယ်ဖောက်ကားသူများ၏ တရားမဝင်ပိုင်ဆိုင်မှုများကို သတင်းပေးတိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနှင့်နိုင်ငံတော်အစိုးရသင့်တင့်သောအချိုးအစားဖြင့် ခွဲဝေပေးမည်ဖြစ်ကာ **သတင်းပေးတိုင်ကြားသူများ၏ လုံခြုံရေး** အတွက် သတင်းထုတ်ပြန်ခြင်းပြုလုပ်မည်မဟုတ်သလို နိုင်ငံတော်၏ ဆုံးမြှင့်ငွေဖြစ်သည့်အတွက် အခွန်ကင်းလွတ်ခွင့်ပေးအပ်မည်။


မြစ်ကြီးနားသတင်းဂျာနယ် PDF ကို
တစ်စောင် ၅၀၀ ကျပ်နှုန်းဖြင့် Online မှ မှာယူနိုင်ပြီ။
ဆက်သွယ်ရန် Email: myitkyinanewsjournal@gmail.com
Call : + 95 (0) 9420085928, +95 0943170745



AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇွန် ၂၉ ၊ ၂၀၁၈ )

# နိုင်ငံတကာ အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်သူက Miss Encouraging Women of the Year ဆု ရရှိ



မြစ်ကြီးနား၊ ဇွန် ၂၆

စင်္ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော နိုင်ငံတကာအိမ်ထောင်ရှင်မအလှပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခဲ့သည့် ကချင်ပြည်နယ်သူ အိမ်ထောင်ရှင်မအလှမယ် မထူးကေခိုင်သည် Miss Encouraging of the Year ခေါင်းစဉ်ဖြင့် ဆုတစ်ဆုရရှိခဲ့ကြောင်း သိရသည်။


"ထူးအနေနဲ့ ကချင်ပြည်နယ်အတွက်သာမကဘူး မြန်မာနိုင်ငံအတွက်ပါယှဉ်ပြိုင်ခဲ့ရတယ်။ ဝမ်းလည်းဝမ်းသာသလို ကျေလည်းကျေနပ်ပါတယ်။ ကိုယ်ပြောခဲ့သလို ဆုတစ်ခုခုကိုရအောင် လုပ်နိုင်ခဲ့လို့လည်း ပိုပြီးဝမ်းသာရပါတယ်။ ရှေ့ဆက် လုပ်ဆောင်မယ့် အနုပညာအလုပ်တွေမှာလည်း ပိုပြီး ထူးကို အားပေးကြပါဦး"ဟု အိမ်ထောင်ရှင်အလှမယ်ထူးကေခိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဇွန်လ ၂၄ ရက်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၀ မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ထိုအထဲတွင် ဆုတစ်ဆုကို နိုင်ငံကိုယ်စားပြုအနေဖြင့် ရယူပေးနိုင်သည့်အတွက် ဝမ်းသာမိကြောင်းကို ပြောကြားခြင်းဖြစ်သည်။

အလှမယ် ထူးကေခိုင်သည် မြစ်ကြီးနားမြို့၊ လင်းရောင်ခြည်ရပ်နေ ရှေ့နေဦးဇော်မင်းထွန်း၏ ဇနီးဖြစ်သည်။ မထူးကေခိုင်သည် မေလ ၁၁ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့်ပြိုင်ပွဲတွင် Mrs Union of Myanmar 2018 Winner ဆုကိုရရှိခဲ့ပြီး ထိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဖားကန့်၊ မိုးညှင်း၊ ပူတာအိုနှင့် ဗန်းမော်မြို့များမှ အိမ်ထောင်ရှင် အလှမယ်များအပါအဝင် အလှမယ် ၂၀ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆိုင်း(ကချင်မြေ)

# လူမှုကွန်ယက် Facebook ပေါ်က နိုင်ငံကျော် Miss များ



Model - မော်ရိန်းလုဆန်

ဓါတ်ပုံ – မော်ရိန်းလုဆန် (Facebook)




Model - L ဘောက်နူး

ဓါတ်ပုံ – L ဘောက်နူး (Facebook)

ဒီတစ်ပါတ် မြစ်ကြီးနားသတင်းဂျာနယ်က ကချင်ပြည်နယ်အတွက် ဂုဏ်ဆောင်နိုင်ခဲ့ကြတဲ့ ကချင်အမျိုးသမီး အလှယ်မယ်လေးနှစ်ဦးဖြစ်တဲ့ L ဘောက်နူးနဲ့ Miss မော်ရိန်းလုဆန်တို့က သူတို့ရဲ့ Facebook စာမျက်နှာမှာ ဘာတွေတင်ဆက်ခဲ့ကြတယ်ဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

Miss Supranational Myanmar 2015 L.ဘောက်နူးကတော့ ဓာတ်ပုံဆရာမ Mizz LU က ရိုက်ထားပေးတဲ့ ပုံကို "သူမရဲ့ရိုက်ချက်နဲ့ ဂျပန်မတစ်ဖြစ်လဲ မေရီဟယ်တီး နူးပရတ်ချပ်"လို့ ရေးသားကာ ဓာတ်ပုံ ၁၂ ပုံ တင်ခဲ့ပါတယ်။ သူ့ပရိသတ်တွေကတော့ "အစ်မ ဘောက်နူးလို့တောင် မထင်ဘူး။ ကိုးရီးယားမင်းသမီးလို့ပဲထင်ထားတာ သေချာကြည့်မှသိတယ်" "ကိုးရီးယားမလား ကချင်မလား ဝေခွဲမရတော့ဘူး ဘောက် လန်းချက်" "ထိုင်းဆော်နဲ့တူတယ် နူး" စသဖြင့် Comment မှာ သူ့ပရိသတ်တွေက ရေးသားထားခဲ့ကြပါတယ်။

Miss Myanmmar World 2015 1st Runner မော်ရိန်းလုဆန်ကတော့ "မေးပေးပါ မြေကြီးပေါ် အိပ်လိုက် ခေါင်မိုးပေါ်အိပ်လိုက်နဲ့ ပျော်ရဲ့လားဘေဘီ"လို့ ခေါင်းစဉ်ရေးသားပြီး သူမလဲလျောင်းနေတဲ့ ဓာတ်ပုံနှစ်ပုံကို ဇွန်လ ၂၀ ရက်နေ့က ဖော်ပြခဲ့ပါတယ်။ သူမရဲ့ ဖေ့ဘုတ်စာမျက်နာက ပရိသတ်တစ်ဦးက "ဘေဘီ. . . မင်းအလှကြောင့် အားကျသဘောကျ ရူးနေပါပြီအေ" မော်ဒယ် M Seng Lu ကလည်း "ကိုယ့်ရဲ့မော်ရိန်းလေးရယ် ကြွေသထက်ကြွေ"ဟု Comment မှ မှတ်ချက်ပေးရေသားခဲ့ကြတာပါ . . .